> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။
>
> ဓမ္မပဒ


# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇၈)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွေကနေပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်တွေဟာ နိုင်ငံအတွက်ခေတ်နဲ့အညီ သင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာမူဝါဒတွေချမှတ်နိုင်ဖို့၊ ကျန်းမာရေးလုပ်ငန်းတွေ ပိုမိုထိရောက်အကျိုးရှိအောင်ဆောင်ရွက်နိုင်စေဖို့၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့ စတဲ့လုပ်ငန်းစဉ်ကြီးတွေဖော်ဆောင်ရာမှာ များစွာအထောက်အကူဖြစ်စေမှာဖြစ်

## “(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် ဂုဏ်ပြုဗီဒီယိုမိန့်ခွန်း

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

**အားလုံး မင်္ဂလာပါ။**

ဒီနေ့ကျင်းပပြုလုပ်တဲ့ **“(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ”** ကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်စေဖို့ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကိုကျင်းပလာခဲ့တာ ယခုအခါ (၅၃)ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

၁၉၆၅ ခုနှစ်မှာ ပထမအကြိမ်ညီလာခံကို စတင်ကျင်းပနိုင်ခဲ့ပါတယ်။ ညီလာခံစတင်ကျင်းပခဲ့တဲ့နှစ်တွေမှာ သုတေသနစာတမ်းတွေကိုသာ တင်သွင်းဖတ်ကြားနိုင်ခဲ့ရာက ၁၉၉၁ ခုနှစ်မှာ ပြုလုပ်တဲ့ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကစပြီး သုတေသနပိုစတာပြပွဲကိုထည့်သွင်းနိုင်ခဲ့တာတွေ့ရပါတယ်။ ၂၀၀၂ ခုနှစ် ညီလာခံက စတင်ပြီး ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ဆွေးနွေးပွဲတွေကိုပါထည့်သွင်းပြီး ပိုမိုအကျိုးရှိထိရောက်အောင် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့ကြောင်းသိရှိရပါတယ်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆






## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်)

# ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်ကြသူများ

မိမိတို့အသက်ရှင်သန်နေသမျှကာလပတ်လုံး မိမိတို့နေထိုင်သည့်နိုင်ငံတော်သည် အေးချမ်းသာယာရှိနေရမည်ဖြစ်သည်။ ထိုသို့အေးချမ်းသာယာရှိနေရန် နိုင်ငံသားအားလုံးတွင်တာဝန်ရှိပေသည်။ အဆိုပါတာဝန်သည် စဉ်ဆက်မပြတ်ထမ်းဆောင်ကြရမည့်တာဝန်ဖြစ်သည်။ စဉ်ဆက်မပြတ်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြမှသာ မိမိတို့နိုင်ငံသည် ကမ္ဘာတည်သရွေ့ခိုင်မာစွာတည်ရှိနေမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏သမိုင်းကိုဆစ်ပိုင်းလေ့လာကြည့်လျှင် စည်းလုံးညီညွတ်၍ကာကွယ်ရေးဂုဏ်ရှိန်မြင့်မားခဲ့သော နိုင်ငံတော်ကြီးသုံးရပ်ပေါ်ထွန်းခဲ့သည်ကိုတွေ့ရှိရသည်။ ပုဂံခေတ်တွင် ပထမမြန်မာနိုင်ငံတော်ကို အနော်ရထာဘုရင်မင်းမြတ်က ဦးဆောင်၍လည်းကောင်း၊ တောင်ငူခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်ကို ဘုရင့်နောင်မင်းတရားကြီးက ဦးဆောင်၍လည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကို အလောင်းမင်းတရားကြီးကဦးဆောင်၍လည်းကောင်း တည်ထောင်ခဲ့ကြသည်။

အဆိုပါမင်းမြတ်တို့လက်ထက်တွင် ပြည်ထောင်စုမပြိုကွဲခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာခြင်းတို့ကြောင့် အချုပ်အခြာအာဏာသည်လည်း တည်တံ့ခိုင်မြဲခဲ့သည်။ ထိုသို့သောအခြေအနေမျိုးကြောင့် ပတ်ဝန်းကျင်နိုင်ငံများကပင်လေးစားခဲ့ကြောင်း သမိုင်းတွင်အထင်အရှားရှိထားသည်။ ယနေ့ကာလမြန်မာနိုင်ငံကိုလည်း အဆိုပါမင်းမြတ်များကဲ့သို့သော သမိုင်းကောင်းများမော်ကွန်းတင်ကျန်ရစ်စေရေးအတွက် လက်ရှိနိုင်ငံသားတို့က ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏သမိုင်းကောင်းကို မြန်မာတို့ကပင်ရေးထိုးနိုင်ရမည်ဖြစ်ပေရာ နိုင်ငံ၏ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာရေးကို တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြရပေမည်။ ကမ္ဘာတွင် နည်းပညာများတိုးတက်မြင့်မားလာခြင်းကြောင့် နိုင်ငံတိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးအင်အားကို ပိုမိုကြီးမားအောင် နိုင်ငံတိုင်းကဆောင်ရွက်နေကြပြီဖြစ်သည်။ အင်အားကြီးနိုင်ငံအချို့က အင်အားငယ်သောနိုင်ငံများအပေါ် နည်းမျိုးစုံဖြင့်အနှောင့်အယှက်ပြုနေသည်ကိုလည်းမြင်တွေ့နေရသည်။

ကမ္ဘာပေါ်တွင် ဗိုလ်ကျစိုးမိုးရေးဝါဒမပျောက်ကွယ်သေးသမျှကာလပတ်လုံး နိုင်ငံတော်ကာကွယ်ရေးကိုအလေးထားဆောင်ရွက်နေကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကိုအလေးထားကြရမည်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးခိုင်မြဲနေမှသာ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုရှိပေလိမ့်မည်။ ယခုအခါ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသည့်အတွက် အဆိုပါတာဝန်ကိုထမ်းဆောင်နိုင်ရန်အလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစတင်၍အာဏာတည်စေခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၃ တွင် “နိုင်ငံသားတိုင်းသည် အောက်ပါတို့ကိုစောင့်ထိန်းရန်တာဝန်ရှိသည်-(က)ပြည်ထောင်စုမပြိုကွဲရေး၊ (ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး” ဟုလည်းကောင်း၊ ပုဒ်မ ၃၈၅ တွင် “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်” ဟုလည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် “နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်”ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

အဆိုပါအချက်အလက်များကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံအတွက် မည်မျှအရေးကြီးလှကြောင်းကိုသိနိုင်သည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်းစည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ထားသည့်အသက်အရွယ်ရှိသူ လူငယ်များအားလုံး ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ပြီး သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတိုင်းစစ်မှုထမ်းကြရမည်ဖြစ်သည်။

မြန်မာလူငယ်များသည် နိုင်ငံတော်အတွက် ရဲဝံ့စွန့်စားစွာတာဝန်ထမ်းဆောင်လိုသည့်လူငယ်များဖြစ်ကြသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်မှစတင်ဖွင့်လှစ်ခဲ့ရာ တာဝန်ကျေပွန်စွာ စစ်မှုထမ်းသင်တန်းတက်ရောက်နေသည့်လူငယ်များကို တွေ့မြင်ကြရသည်။ သူတို့၏ယုံကြည်ချက်၊ ခံယူချက်များနှင့်ပတ်သက်၍ ရင်တွင်းစကားသံများကို အများပြည်သူတို့ ကြားသိကြရပြီးဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှသည် ယခုအခါပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)သို့ပင်ရောက်ရှိလာပြီဖြစ်သည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် အင်အားတောင့်တင်းသည့် နိုင်ငံတော်တည်ဆောက်ရေးအင်အား၊ ကာကွယ်ရေးအင်အားများမှာ စဉ်ဆက်မပြတ်ရှိနေရမည့်အင်အားများဖြစ်ပေရာ နိုင်ငံတော်တာဝန်ထမ်းဆောင်နေကြသူများအားလုံးကို ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# မကွေးမြို့နယ် ကံပြားကျေးရွာ၌ အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

မကွေး ဇန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကံပြားကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ဇန်နဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကံပြားကျေးရွာ၌ အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန်မှာကြားသည်။

မကွေးမြို့နယ် ကံပြားကျေးရွာ၌ အရှည်ပေ ၇၀၄၀ ရှိသော အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂ ဒသမ ၅၆ သန်းကျော်ဖြင့် မြင့်မိုရ်စံထားကုမ္ပဏီက တာဝန်ယူ၍ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကံပြားကျေးရွာရှိ အိမ်ခြေ ၁၀၁ အိမ်မှ လူဦးရေ ၄၂၇ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါသန့်ရှင်းသော သောက်သုံးရေကိုဖူလုံစွာရရှိနေပြီဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှသိရသည်။

ချိုလေး

# ကျေးရွာတွင်းလမ်းရိုစာခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် သစ်ယာကုန်းကျေးရွာအုပ်စု သရက်သမိန်ကျေးရွာ၌ ရွာတွင်းလမ်းရိုစာခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနှင့်တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သရက်သမိန်ကျေးရွာ၌ အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ရွာတွင်းလမ်းရိုစာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလမ်းလုပ်ငန်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကျေးရွာကဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ရွာတွင်းလမ်းရိုစာခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၇၁ သန်း အသုံးပြု၍ ကျေးရွာပြည်သူလူထုကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး

## သဇင် (FM) အသံလွှင့်အစီအစဉ်

၂၁-၁-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်

၂။ ၁၁:၅၀ လှပကျန်းမာ

၃။ ၁၄:၅၀ Speech On Air

၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း

၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ

၆။ ၂၁:၂၀ Memory Box

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၇-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# Exploring Myanmar Culture & Tourism Organization ၏ အမှုဆောင်ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား Exploring Myanmar Culture & Tourism Organization ၏အမှုဆောင်ဥက္ကဋ္ဌ Mr. David Liu သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်ဖက်သတင်းမီဒီယာကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရအချင်းချင်းသာမက ပြည်သူအချင်းချင်းပါ ချစ်ကြည်ရင်းနှီးရေးအတွက် မီဒီယာမှတစ်ဆင့် ဖော်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်၊ သတင်းမှန်များကို တရုတ်နိုင်ငံပြည်သူများသိရှိအောင် မီဒီယာပလက်ဖောင်းမျိုးစုံမှ ဖော်ပြနိုင်ရေး တို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံတို့အကြား မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်ဗဟိုအသံနှင့်ရုပ်မြင်သံကြားဌာန China Media Group (CMG) တို့သည်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာန (GXRTV) တို့သည်လည်းကောင်း၊ Yunnan International Channel ၏ အွန်လိုင်းရုပ်မြင်သံကြားထုတ်လွှင့်မှု Platform ဖြစ်သည့် Yunnan Media Group မှ တည်ဆောက်ထားသော Mekong Look App တွင် ပူးပေါင်းဆောင်ရွက်ရေးမူဘောင် (Mekong Look App Cooperation Framework) ကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် ဆင်ဟွာသတင်းအေဂျင်စီနှင့်လည်းကောင်း၊ MYANSAT DTH အမည်ဖြင့် ရုပ်သံလိုင်းများထုတ်လွှင့်သည့် Borderless Broadcast Co.,Ltd. နှင့် DTH စနစ်ဖြင့် ရုပ်သံလိုင်းများထုတ်လွှင့်ရန်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး Borderless Broadcast Co.,Ltd. သည် China Rocket ကုမ္ပဏီလီမိတက်၊ Laosat ကုမ္ပဏီနှင့်ပူးပေါင်း၍ Laosat 1 Satellite ကို အသုံးပြုကာ China Aerospace Science and Technology Corporation (CASC) ၏ Multi Village Plan၊ Sky Star Class Room Plan တို့ဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသအထိ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာအသိပညာ၊ လူငယ်များအတွက် ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲမှုများလျော့ချနိုင်ရန်၊ နှစ်နှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၄၂ ရွာမှ ကျေးရွာပေါင်း ၁၀၀ အထိ MYANSAT DTH စက်ပစ္စည်းများအပြင် TV နှင့် Solar စနစ် Battery များကို အဆင့်လိုက် တိုးချဲ့လှူဒါန်းနိုင်ရန် China AID အကူအညီရယူပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(သတင်းစဉ်)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း ၅ / ၂၀၂၅ ဖွင့်လှစ်



နေပြည်တော် ဇန်နဝါရီ ၂၀

ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် ၅/၂၀၂၅ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဥပဒေအသိပညာများ ကျယ်ပြန့်စွာသိရှိနိုင်စေရန်အတွက်ကျန်ရှိသည့် အရာထမ်း၊ အမှုထမ်းများအတွက်လည်း ဆက်လက်ဖွင့်လှစ်ပို့ချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအသိပညာများသိရှိခြင်းဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ အကျိုးရှိစွာ လက်တွေ့အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ပြီး တာဝန်များကိုလည်း အမှားအယွင်းမရှိထမ်းဆောင်နိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”**အစီအစဉ်မှ **“ပြည်သူနဲ့ နိုင်ငံခြားမှ ထောက်ပံ့လှူဒါန်းမှုတွေ မရတော့တဲ့အတွက် အကြံကုန်ဂဠုန်ဆားချက်ဖြစ်နေတဲ့ PDF”**ခေါင်းစဉ်ဖြင့် ၂၂-၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“ပြည်သူကို နည်းမျိုးစုံနဲ့ဒုက္ခပေးလျက် အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)၌ ပြသလိုသည့်လူနာများအတွက် Online Booking ဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)၌ ပြသလိုသည့်လူနာများအတွက် Online Booking ဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဇော်၏ပြောကြားချက်အရ သိရသည်။

မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)၌ အရေးပေါ်မျက်စိလူနာများကို နေ့စဉ်ပိတ်ရက်မရှိ ကုသပေးလျက်ရှိပြီး ပြင်ပလူနာများကို အစိုးရရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ လက်ခံကုသပေးလျက်ရှိကြောင်း၊ အရေးပေါ်မဟုတ်သော ပြင်ပလူနာများအနေဖြင့် ယခုအခါ Care Me Bot Application၊ Facebook Messenger နှင့် Viber တို့မှတစ်ဆင့် Online Booking ပြုလုပ်ကာ လာရောက်ပြသနိုင်ကြောင်း သိရသည်။

"လူနာတွေအနေနဲ့ စောင့်ဆိုင်းရတဲ့အချိန်တွေ လျော့နည်းသွားအောင် Care Me Bot Application၊ Facebook Messenger နဲ့ Viber တို့ကနေတစ်ဆင့် Online Booking လုပ်လို့ရအောင် လက်ခံဆောင်ရွက်ပေးနေပါတယ်။ ရိုးရိုး walk in ဝင်လာတဲ့ ပြင်ပလူနာတွေကိုတော့ ဆေးရုံကိုရောက်လာရင် ပြင်ပလူနာဌာနမှာ စာရင်းသွင်းပြီး ကိုယ့်အလှည့်ကို တန်းစီစောင့်ဆိုင်းရတဲ့စနစ်နဲ့ ကုသပေးနေပါတယ်။ Online Booking ယူထားသူတွေကိုတော့ လာပြတဲ့နေ့မှာ ရောက်လာရင် ဦးစားပေးအနေနဲ့ လက်ခံဆောင်ရွက်ပေးနေပါတယ်" ဟု ဒေါက်တာခင်ဇော်က ပြောသည်။

လက်ရှိတွင် မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)၌ မျက်စိအတွင်းတိမ်ခွဲစိတ်ကုသမှုများအပြင် တခြားမျက်စိရောဂါများဖြစ်သော မြင်လွှာကွာခြင်း၊ မြင်လွှာပေါက်ခြင်း၊ သူငယ်အိမ်နောက်ခန်းတွင် သွေးယိုစိမ့်ခြင်း၊ မျက်တွင်းရောင်ခြင်း၊ မျက်ခွံနှင့် မျက်ရည်လမ်းကြောင်းဆိုင်ရာရောဂါများ၊ ကလေးမျက်စိရောဂါများ၊ မျက်ကြည်လွှာဆိုင်ရာရောဂါများ၊ ရေတိမ်ရောဂါ၊ အတွင်းတိမ်နောက်ဆက်တွဲရောဂါများနှင့် မျက်စိအာရုံကြောဆိုင်ရာရောဂါများကို စမ်းသပ်စစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

## ၂၀-၁-၂၀၂၅ ထူးခြားသည့် ညအပူချိန်များ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟဲဟိုး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | မြစ်ကြီးနား | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | | | | | |

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

လူဟူသည်မှာ သူ့အရွယ်ကလေးနှင့်သူ ကိုယ့်ကိုယ်ကိုယ် လေးစားမှု (Self-respect) ရှိကြရမည်၊ ရှိအောင်ကြိုးစားကြရမည်ဖြစ်ရာ မိဘများ၏ ဆုံးမပုံမှုကား ကျွန်ုပ်၏စိတ်ကို အညွန့်ချိုးလိုက်ဘိသကဲ့သို့ ဖြစ်သွားပါတော့သည်။ ကျွန်ုပ်သည် အရပ်ထဲ၌လည်းကောင်း၊ ကျောင်း၌လည်းကောင်း (ကျောင်းသို့လည်း သတင်းပေါက်ကြားသည်။) ကလေး၊ လူကြီးများ၏မျက်နှာကို ရဲရဲမကြည့်ဝံ့အောင်ဖြစ်ရပါသည်။ (ကျွန်ုပ်တွင် သက်သာရာရစေသောအချက်တစ်ခုမှာ ၁၅ နှစ်သားဆိုသော်လည်း ကြီးထွားမှုနောက်ကျ၍ ကြီးကောင်မဝင်သေးခြင်းပင်ဖြစ်သည်။ သို့မဟုတ်ပါက ၎င်းဒဏ်ချက်သည် သေသည်အထိ ပါလိမ့်မည်ထင်၏။) ဤသို့သောဆုံးမနည်းကြောင့် ကျွန်ုပ်၏ဘဝတွင် 'ဆူးကြီး' တစ်ချောင်း ပေါ်ပေါက်လာရုံမျှမက နံ့သောစိတ်ဓာတ် (Inferiority Complex) ဝင်လာခြင်းကိုလည်း သတိပြုမိပေရာ ကြီးပြင်းလာသောအခါတွင် အနောက်တိုင်းမှ စာကောင်းပေကောင်းများကိုဖတ်ရှုကာ ဆင်ခြင်သုံးသပ်ခွင့်ရသောအခါမှ အတော်အတန်လျော့ပါးသွားသည်ဟု ထင်မိပါသည်။ နားမလည်ရှာကြ၍ စေတနာကောင်းနှင့် (လိမ္မာအောင်) ဆုံးမကြသော မိဘနှစ်ပါးအပေါ်၌ စိတ်နာခြင်းမရှိသော်လည်း ကျွန်ုပ်၌ ရံဖန်ရံခါဖြစ်ပေါ်တတ်သည့် နုံနဲ့ ပျော့ညံ့သောစိတ်ကို တွေ့ရသည့်အခါတိုင်း အထက်ပါအဖြစ်အပျက်ကိုသတိရ၍ ငါ၏ကံ မကောင်းခြင်းပေတည်းဟု အောက်မေ့မိပါတော့သည်။

## ရှက်တတ်၍ သာဆိုးသည်

နော်မန်ကျောင်းသူကလေးနှင့်ပတ်သက်၍ မိဘများ၏ ထင်မြင်ချက်သည် ဟုတ်၊ မဟုတ်၊ မှန်၊ မမှန်ကိုလည်း ကျွန်ုပ်စုံစမ်းရန် အလိုမရှိတော့။ မိဘများက မိမိတို့သားကို ဤမျှလောက် အသည်၊ နုံသည်ဟု အထင်ရောက်ကြခြင်းသည်ပင်လျှင် ကိုယ့်ကိုယ်ကိုယ်ရှက်လှ၍ ထိုမိန်းကလေးကို ဘယ်အခါမှ လှမ်းမကြည့်တော့ပါ။ တစ်လခန့်အတွင်း၌ ကျွန်ုပ်သည် အိမ်နီးချင်း အရပ်သူ၊ အရပ်သားကလေးများနှင့်လည်း မကစား၊ လူသူလေးပါးမြင်အောင်ပင် မထိုင်တော့။ ကျောင်းသွား၊ ကျောင်းပြန်များတွင် မြေကြီးသို့ငုံ့ကာ မျက်နှာကို အောက်ချလျက် ခြေကုန်ထုတ်၍ သွားပါသည်။ တကယ့်အရွယ်မရောက်သေးသူဖြစ်၍ ရှက်ကြောက်သောစိတ်သည် ကြာရှည်စွာမဖြစ်ဘဲ တစ်လကျော်ခန့်ကြာသောအခါ သက်သာရာရ၍ ပျောက်မတတ်ရှိသော်လည်း ကိုယ့်ကိုယ်ကိုယ် နုံချာသည်ထင်သော စိတ်မှုကား ဤမျှလောက် ဖျောက်ဖျက်ဖို့မလွယ်ကူသဖြင့် အသက်လေးငါးဆယ်အရွယ်တိုင်အောင် အစွန်းထင်လျက်ရှိပါတော့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်မှာ အနည်းငယ်စကားထစ်ခဲ့ရာမှ ကိုယ့်ကိုယ်ကိုယ် ပို၍သတိပြုမိသည့်အတွက် (More Self-conscious) ပို၍ဆိုးလာပါသည်။ ရှေးဦးစွာ စကားထစ်ခြင်း ကူးစက်ခဲ့ပုံအကြောင်းကို အထက်တွင်ဖော်ပြခဲ့ဖူးရာ ကျွန်ုပ်မှာ နဂိုကတည်းက တခြားလူများထက် ကိုယ့်ကိုယ်ကိုယ်လှည့်ကြည့်မိတတ်သော အလေ့အကျင့်ရှိသူဖြစ်၍ အတူတူရယ်မိကြခြင်းဖြစ်ပါလျက် ကျွန်ုပ်တစ်ယောက်တည်းကိုသာ ကူးစက်ခဲ့ခြင်းဖြစ်ဟန်တူ၏။ ကိုယ်တုံးလုံးပြလိုက်ရသည့်နောက်၌မူ သာ၍ဆိုးလာသည်ဟု ကျွန်ုပ်သတိပြုမိပါသည်။ (ဤကိစ္စမျိုး

**"နော်မန်ကျောင်းသူကလေးနှင့် ပတ်သက်၍ မိဘများ၏ထင်မြင်ချက်သည် ဟုတ်၊ မဟုတ်၊ မှန်၊ မမှန်ကိုလည်း ကျွန်ုပ်စုံစမ်းရန် အလိုမရှိတော့။ မိဘများက မိမိတို့သားကို ဤမျှလောက် အသည်၊ နုံသည်ဟု အထင်ရောက်ကြခြင်းသည်ပင်လျှင် ကိုယ့်ကိုယ်ကိုယ်ရှက်လှ၍ ထိုမိန်းကလေးကို ဘယ်အခါမှ လှမ်းမကြည့်တော့ပါ။ တစ်လခန့်အတွင်း၌ ကျွန်ုပ်သည် အိမ်နီးချင်း အရပ်သူ၊ အရပ်သားကလေးများနှင့်လည်း မကစား၊ လူသူလေးပါး မြင်အောင်ပင်မထိုင်တော့။ ကျောင်းသွား၊ ကျောင်းပြန်များတွင် မြေကြီးသို့ငုံ့ကာ မျက်နှာကိုအောက်ချလျက် ခြေကုန်ထုတ်၍ သွားပါသည်. . ."**

၌ ကျွန်ုပ် အလွန်ရှက်တတ်၍ ရေချိုးခန်းထဲ၌ပင် ရေလဲပိုင်းပါမှ ရေချိုးတတ်သူဖြစ်ရာ အဘိုးကြီးအိုဖြစ်လာသောအခါမှ သက်သာရာရတော့သည်။ ထို့ကြောင့်လည်း မိဘများ၏ ဒဏ်ပေးခြင်းသည် ကျွန်ုပ်၏စိတ်ကို သာ၍ထိခိုက်စေခဲ့သည်။)

## ပထမဦး မိတ်ဆွေများ

ယင်းနှစ် ခုနစ်တန်းစာမေးပွဲတွင် မန္တလေးမြို့ရှိ ကျောင်းတိုင်းပင် အကျအရှုံးများကြသော်လည်း အမေရိကန်ကျောင်းမှ စကောလားရှစ်ဝင်ဖို့ ရွေးချယ်ထားသည့် ကျွန်ုပ်တို့ ကျောင်းသားလေးယောက်စလုံးပင် အောင်မြင်ကြသည်။ တချို့ကျောင်းများ၌မူ တော်လှပါသည်ဆို၍ စကောလားရှစ်သွင်းဖို့ ရွေးချယ်ထားသည့် ကျောင်းသားများပင် ကျရှုံးကြ၏။ ထိုစဉ်က ထုံးစံမှာ ခုနစ်တန်းကျောင်းသားများသည် ရိုးရိုးစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးမှ စကောလားရှစ်စာမေးပွဲတွင် ဖြေဆိုရ၍ ၎င်းကို အောင်မြင်သောအခါတွင် ရှစ်တန်းနှင့် ကိုးတန်းသင်ရန်အတွက် တစ်လ ၁၆ ကျပ်ရ၏။ (၁၆ ကျပ်ဟူသော ငွေမှာလည်း ထိုစဉ်က မနည်းလှ၊ ပုလိပ်အမှုထမ်းတစ်ယောက်၏ လစာမှာ ၁၁ ကျပ် ၁၀ ပဲမျှသာဖြစ်လေသည်) ကျွန်ုပ်အဖို့ရာ၌မူ စကောလားရှစ်စာမေးပွဲကို မအောင်မြင်သော်လည်း ၎င်းစာမေးပွဲကို အကြောင်းပြု၍ အလွန်ချစ်ခင်ကြင်နာသော အတန်းတူသူငယ်ချင်းသုံးယောက် တစ်ပြိုင်တည်း ပထမအကြိမ်ရရှိခြင်းကြောင့် ထူးခြားသောနှစ်ဖြစ်သည်ဟု မှတ်တမ်းတင်ရသည်။ အေ၊ ဘီ၊ အမ် ကျောင်းသို့ရောက်ကတည်းက ကျွန်ုပ်မှာ ခင်မင်သော သူငယ်ချင်းဟူ၍ မရှိ၊ အသိမိတ်ဆွေဖွဲ့မည့်သူလည်းမရှိ။ အတန်းထဲမှာရော ကျောင်းထဲ၌ပါ 'တစ်ကောင်ကြွက် တစ်မျက်နှာ' ဆိုသလို ကုပ်ကုပ်ကလေးနေခဲ့ရသည်ဖြစ်ရာ စကောလားရှစ်စာမေးပွဲဝင်ခါနီးတွင်မှ ကျောင်းသားလေးယောက်ပေါင်းဆုံမိကြ၍ အလွန်တရာ ခင်မင်ရင်းနှီးသောအဖြစ်သို့ ရောက်ခဲ့ရသည်။ မိတ်ဆွေတစ်ယောက်မျှ မရှိခဲ့ဖူးသဖြင့် ဘယ်သူ့ကိုမျှမချစ်ခဲ့ရသော ကျွန်ုပ်မှာ တစ်ပြိုင်နက်တည်း မိတ်ဆွေသုံးဦးရသောအခါ၌ ပျော်လိုက်ပုံမှာ (တစ်ခါတစ်ရံ သူတို့အကြောင်းတွေကို စဉ်းစားရခြင်းကြောင့်) အိပ်မပျော်နိုင်အောင် ရှိဖူးပါသည်။

## ရတနာပုံဆိုက်သောနှစ်

ရှစ်တန်းသို့တက်ရသောနှစ် (၁၉၀၅ ခုနှစ်)သည် ကျွန်ုပ်အဖို့ရာ၌ ကျောင်းသားဘဝတွင် 'ရတနာပုံဆိုက်သောနှစ်' ဟူ၍ ဆိုသင့်၏။ အလွန်ချစ်ခင်သော အတန်းသားသုံးယောက် တစ်ပြိုင်နက်တည်းရရှိသည့်အပြင် ဟိုလူ သည်လူများကလည်း ခေါ်ချင်ပြောချင်ရှိကြသည်။ ကျောင်းသို့ရောက်သည်မှာ နှစ်နှစ်ပြည့်ခဲ့ပြီဖြစ်၍ မုတ်ဆိတ်ဖွားကြီးနှင့် ကျောင်းအုပ်ကြီးကိုလည်း မလန့်တော့။ မိုးထိုးသည်ဟုထင်ခဲ့မိသော 'တာဝါ' အချွန်ကြီးကိုလည်း ကြောက်စရာမထင်တော့။ (ကျောင်းသားတစ်ယောက်နှင့် တိတ်တဆိတ်တက်၍ပင် ကြည့်ပြီးခဲ့လေပြီ။) ကျောင်းသားမြင်သမျှသည် ကျွန်ုပ်ကို 'ကျယ်' လိမ့်မည်ဟူ၍လည်း မစိုးရိမ်တော့။ ဤကျောင်းသည် ငါတို့ကျောင်းဖြစ်သည်ဟု ပိုင်ပိုင်နိုင်နိုင် သဘောထားနိုင်ခဲ့လေပြီ။ ကျွန်ုပ်သည် ငယ်စဉ်ကတည်းက အတိတ်ကို ပြန်ပြောင်းသတိရ၍ လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ကြည့်တတ်သောအလေ့ရှိသူတစ်ယောက်ဖြစ်လေရာ ရှစ်တန်းသို့တက်ရပြီးသည့်နောက် ခြောက်တန်းကျောင်းသားကလေးအဖြစ်နှင့် ရှေးဦးစွာ ကျောင်းတက်ရသောနံနက်ကို သတိရမိတိုင်း တောင်ပေါ်မှ တောင်ခြေသို့ ပြန်ကြည့်ရသည့်နှယ် အခြေအနေကွာခြားပုံကို ပြုံးမိပါသည်။

## ကြာလေ ကောင်းလေ ဖြစ်လာခြင်း

အေ၊ ဘီ၊ အမ် ကျောင်း၌ ကျွန်ုပ်တို့၏ ခုနစ်တန်းဆရာနှင့် ရှစ်တန်းဆရာတို့မှာ အိမ်နီးချင်းဖြစ်ကြသည့်အလျောက် ရှစ်တန်းသို့ ကျွန်ုပ်တို့ တက်သွားကြသောအခါ ရှစ်တန်းဆရာသည် အတန်းသားသစ်များအနက် မည်သူမည်ဝါတို့ စာတော်သည်ဆိုခြင်းကို သိနှင့်ပြီးလေပြီ။ ထိုစဉ်က ခုနစ်တန်းဆရာနှင့် ရှစ်တန်းဆရာတို့သည် အင်္ဂလိပ်ဘာသာကို အထူးအလေးပေးကြသူများဖြစ်၍ ကျွန်ုပ်တို့ စကောလားရှစ်ဖြေခဲ့သူလေးယောက်ကို ရှစ်တန်းဆရာက အလေးပေးပြီး ဖိ၍ သင်ပြလေရာ ၎င်းတို့အနက်တွင်မှ ကျွန်ုပ်မှာ အင်္ဂလိပ်ဘာသာတော်လျက်နှင့် ကျောင်းပြေးတတ်သောကောင်ကလေးဟု သိထားသည်နှင့် အထူးတလည် ဖိ၍သင်ပြပေးသည်။ ထို့ကြောင့် ကျွန်ုပ် စာမကျက်လျှင်လည်း ဆရာကသိ၍ စာကျက်လျှင်လည်း တစ်တန်းလုံးသိအောင် ကြော်ငြာပေးသကဲ့သို့ ထင်ရှားစေသည်။ ဤတွင် ကျွန်ုပ်မှာ စာမကြိုးစားဘဲနေ၍ မဖြစ်သောအခြေအနေသို့ ရောက်နေလေတော့သည်။ ကျွန်ုပ်အဖို့ရာ၌ ကောင်းခြင်းတစ်ရပ်ပင်။

**ဆက်လက်ဖော်ပြပါမည်။**

---

# တောင်တွင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(အုန်းတော)၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ

တောင်တွင်းကြီး ဇန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောမောင်၏ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်းခွဲ (အုန်းတော)၌ ဇန်နဝါရီလ ၂၀ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နိုင်ဦးက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းရင်းများနှင့် လျှပ်စစ်ဝိုင်ယာရှော့ခ်မဖြစ်အောင် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါကျောင်းဝင်းအတွင်းရှိ ကွင်းပြင်၌ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြခြင်း၊ မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများဆောင်ရွက်ကြသည်။

အဆိုပါမီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြပွဲသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (အုန်းတော)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။



**နောင်နောင်(ဗိသနိုးမြေ)**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)မှသင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)မှသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့်ပစ္စည်းများ ပေးအပ်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)တွင်ပါဝင် တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင်ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ် -

**မောင်ဝင်းပိုင်ဖြိုး**

သင်တန်းတက်ရောက်ဖြစ်တာကတော့ အသက် ၁၈ ကနေ ၃၅ နှစ် အသက်ပြည့်တဲ့အတွက် စစ်မှုထမ်းဥပဒေအရ လာတက်ဖြစ်တာပါ။ နိုင်ငံတော်ကပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်သွားပါမယ်။ သင်တန်းမတက်ခင်မှာတော့ ကိုယ်မရောက်ဖူးတဲ့နေရာဆိုတော့ စိတ်လှုပ်ရှားတာပေါ့။ ရောက်လာတော့လည်း သူ့ဟာနဲ့သူ အဆင်ပြေအောင်နေတတ်ထိုင်တတ်ပါတယ်။ အပြင်မှာတော့ ကိုယ်နေချင်သလိုနေ ကိုယ်အိပ်ချင်သလိုအိပ် လုပ်ခဲ့ပေမယ့် ဒီမှာကတော့ နေတာထိုင်တာစားတာသောက်တာကအစ အားလုံးစည်းကမ်းနဲ့ဆိုတော့ အများကြီးကွာခြားတာပေါ့။ နောက်ဆုံးအိပ်ချိန်စားချိန် ရေချိုးချိန်ကအစ အားလုံးသူ့စည်းသူ့ကမ်းနဲ့နေရပါတယ်။

**မောင်ကျော်ဝင်းထွန်း**

နိုင်ငံတော်ကာကွယ်ဖို့အတွက်ရယ် ယောကျ်ားကောင်းယောကျ်ားမြတ်တွေ ဖြစ်ဖို့အတွက် ဒီကိုသင်တန်းလာတက်ဖြစ်တာပါ။ စည်းကမ်းပိုင်းဆိုင်ရာ အကျိုးကျေးဇူးတွေရရှိသလို ရှေ့ဆက်လျှောက်ရမယ့် အနာဂတ်အတွက်လည်း ထွန်းလင်းတောက်ပမှုတွေဖြစ်လာမှာကိုလည်း ကျွန်တော်ယုံကြည်ပါတယ်။ လက်နက်နဲ့ စစ်ရေးပြကိုတတ်မြောက်တဲ့အတွက် အမျိုးဘာသာသာသနာကိုလည်း ကာကွယ်နိုင်မှာဖြစ်ပါတယ်။ တစ်ချိန်တုန်းကတပ်မတော်သားတွေရဲ့ဘဝကို မသိတဲ့အတွက် သူများပြောတာတွေကို

**စာမျက်နှာ ၆ သို့ ⊃**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)







➲ စာမျက်နှာ ၅ မှအဆက်

ယုံကြည်မိခဲ့ပါတယ်၊ အခုတပ်မတော်ယူနီဖောင်းကိုဝတ်လိုက်တဲ့အတွက် တပ်မတော်သားတွေရဲ့အရာအားလုံးကို ကိုယ်ချင်းစာမိပါတယ်၊သူများတွေပြောသလိုမဟုတ်ဘူးဆိုတာကျွန်တော်ယုံကြည်လာမိပါတယ်၊ နောက်အပတ်စဉ်တက်လာမည့်လူငယ်များအားလုံး မြန်မာနိုင်ငံအတွင်းမှာနေတဲ့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ်လို့ ယုံကြည်ပါတယ်။

**မောင်နေမျိုးဇော်**

ယုံကြည်ချက်ခံယူချက်ကတော့ ပြည်သူ့စစ်မှုထမ်းမဖြစ်ခင်ကပင် တက်ချင်နေတာပါ၊ ဘာဖြစ်လို့ဆိုတော့ ကျွန်တော်က နိုင်ငံသားတစ်ယောက်ဖြစ်နေတဲ့အတွက် တပ်မတော်ထဲကိုဝင်ရောက်ဖို့အတွက် အရင်ကလည်းစိတ်ပါနေတာပါ။ လာမယ့်ညီငယ်လေးတွေကိုလည်းပြောခဲ့ပါတယ်။ ငါစစ်မှုထမ်းဖို့သွားမယ်။ မင်းတို့စိတ်ခတ်တက်ကြွရင်လာခဲ့။ အဆင်သင့်ရှိနေမှာပါ။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

ကျွန်တော့်ခံယူချက်ကတော့ တစ်နိုင်ငံလုံးကျွန်တော့်လိုမျိုးစိတ်ဓာတ်ရှိမယ်ဆိုရင် ဗုဒ္ဓဘာသာတွေဖြစ်တယ်။ ဘာသာ၊ သာသနာ၊ လူမျိုးသုံးခုလုံးကို ကာကွယ်နိုင်တဲ့ အကျိုးကျေးဇူးလေးတွေရှိနိုင်ပါတယ်။ ဒီနိုင်ငံမှာမွေးပြီး ဒီနိုင်ငံမှာကြီးလာတဲ့လူတိုင်းဟာ ဒီလိုဖြစ်သင့်တယ်။ လုပ်လည်းလုပ်သင့်တယ်၊ နိုင်ငံကိုကာကွယ်ဖို့အတွက် ဒီအတိုင်းနေရင်အကျိုးမရှိဘူး။ အဲဒါကြောင့်နိုင်ငံတော်က ပြည်သူ့စစ်မှုထမ်းဥပဒေကိုထုတ်ပြန်တာလည်းကောင်းတယ်၊ ပြောမယ်ဆိုရင်တော့ နိုင်ငံတော်ကာကွယ်ဖို့ လူငယ်တိုင်းမှာတာဝန်ရှိသွားတာပေါ့နော်၊ တာဝန်လည်းကျေသွားတာပေါ့နော်” ဟု ပြောသည်။ (၁၀၀)

# မျိုးစေ့ထုတ်လယ်ယာမြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး သဘာဝသစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၃၀ စိုက်ပျိုးထား

ပွင့်ဖြူ ဇန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ) မှ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးစေ့ထုတ်လယ်ယာမြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဘာဝသစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၃၀ စိုက်ပျိုးထားကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ) မှ ဒေသတွင်းရှိတောင်သူများ သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးနှင့် သီးနှံဝင်ငွေတိုးပွားစေရေးအတွက်ရည်ရွယ်၍ နှစ်စဉ်မျိုးစေ့ထုတ်လယ်ယာမြေဧက ၁၂၀ တွင် စပါး၊ ကုလားပဲ၊ နေကြာမျိုးစေ့ထုတ်စိုက်ခင်းများကို အကောင်အထည်ဖော်စိုက်ပျိုး၍ ထွက်ရှိလာသောမျိုးစေ့များကို စနစ်တကျသန့်စင်ပြီး စိုက်ပျိုးလိုသောတောင်သူများအား သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

"မျိုးစေ့ထုတ်စိုက်ခင်းတွေ အကောင်အထည်ဖော်စိုက်ပျိုးရာမှာ စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ) ရှိ စိုက်ပျိုးလယ်ယာမြေဧက ၁၂၀ မှာ စနစ်တကျစိုက်ပျိုးထုတ်လုပ်တာဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းတွေ ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သဘာဝသစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၃၀ ကို စိုက်ပျိုးဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သဘာဝသစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးတာရဲ့ အကျိုးကျေးဇူးတွေက သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုတာကြောင့် ဒေသတွင်းရှိတောင်သူတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဆောင်ရွက်စေချင်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ) တာဝန်ခံဦးအောင်ချစ်ကပြောသည်။



ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)မှ ဒေသတွင်းသီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရန်နှင့် စားရေရိက္ခာဖူလုံပိုလျှံစေရန်ရည်ရွယ်၍ တောင်သူများထံအထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်မျိုးစေ့များ တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကုလားပဲမျိုးစေ့ထုတ်စိုက်ခင်းဧက ၆၀ နှင့် ရေဆင်း-၁ နေကြာမျိုးစေ့ထုတ်စိုက်ခင်းဧက ၃၀ တို့ကို အကောင်အထည်ဖော်စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး တခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံတိုးတက်အောင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး



မကွေး ဇန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာနှင့် မင်းဘူးမြို့နယ် အိုင်းမ၊ အိုးပြင်မဲ၊ ကွဲ့တဲ၊ ကြာကန်ကျေးရွာ ငါးရွာတို့မှ စိုက်ပျိုးရေးတောင်သူများ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ်သက်သာစွာ ရရှိနိုင်ရန် ရည်ရွယ်၍ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီး နေပြီဖြစ်ကြောင်း သိရသည်။

မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးအတွက် 3.3kW ဆိုလာစနစ်နှင့် 2HP DC Surface Pump တပ်ဆင်ခြင်းလုပ်ငန်းကို၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၁၄ ဒသမ ၂၂ သိန်းဖြင့်လည်းကောင်း၊ မင်းဘူးမြို့နယ် အိုင်းမကျေးရွာ၌ 5.5kW ဆိုလာစနစ်၊ 3HP Submersible Pump နှင့် 4kW Inverter တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၁၉၄ သန်းဖြင့်လည်းကောင်း၊ အိုးပြင်မဲကျေးရွာ၌ 5.5kW ဆိုလာစနစ်၊ 3HP Submersible Pump နှင့် 4kW Inverter တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၁၉၄ သန်းဖြင့်လည်းကောင်း၊ ကွဲ့တဲကျေးရွာ၌ 5.5kW ဆိုလာစနစ်၊ 3HP Submersible Pump နှင့် 4kW Inverter တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၁၉၄ သန်းဖြင့်လည်းကောင်း၊ ကြာကန်ကျေးရွာ၌ 5.5kW ဆိုလာစနစ်၊ 3HP Submersible Pump နှင့် 4kW Inverter တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၁၉၄ သန်းဖြင့်လည်းကောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄ ခုနှစ်အောက်တိုဘာလ ဒုတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာငါးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာရှိစိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများ၏ လယ်ယာမြေဧကများ အတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ် သက်သာစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းသူ

# ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပ

မြဝတီ ဇန်နဝါရီ ၂၀

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီလ ၁၉ ရက်တွင် အဆိုပါကျောင်းဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ Grade-9 ကျောင်းသား၊ ကျောင်းသူများက ပညာပန်းခင်းတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ မြဝတီမြို့နယ် ပညာရေးမှူး ဦးမိုးကျော်က စုံညီပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်နှင့် လူ့ဘောင်အဖွဲ့အစည်း အခြေခံအုတ်မြစ်ခိုင်မာတည်မြဲရေး အတွက် ပညာရေးကဏ္ဍမြှင့်တင်ပေးရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တို့၌ ကာယ၊ ဉာဏပိုင်းတွင်ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများအား မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်မျိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်း သိရသည်။

(၁၀၆)



# တောင်သာမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

တောင်သာ ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆုံကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်း၊ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆုံကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းသည်ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဆုံကုန်းကျေးရွာ၌ နိုင်ငံတော်မှထောက်ပံ့ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၁၅၀၀၀၀ ဖြင့် ယမန်နှစ်ဩဂုတ်လဒုတိယပတ်မှစ၍ လုပ်ငန်းများဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# မြစ်ကြီးနားမြို့နယ်ရှိ ကျေးရွာများကို အကျိုးပြုမည့် ချောင်းကူးတံတားများ တည်ဆောက်နေမှုစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်စေရန် ရည်ရွယ်၍ မော်ဖောင်းကျေးရွာအုပ်စုနှင့် နန်ကွေ့ကျေးရွာအုပ်စုတို့အတွင်းရှိ ငါးအိုးချောင်းကူးတံတားနှင့်နန်ကွေ့ချောင်းကူးတံတားများ တည်ဆောက်မှုအခြေအနေများကို ဇန်နဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တံတားတည်ဆောက်ရေးရုံးချုပ် (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်ဆွေ၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆုမွန်အောင်နှင့်တာဝန်ရှိသူများက မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ အရှည်ပေ ၃၀၀၊ အကျယ်ပေ ၂၀ ရှိ ငါးအိုးချောင်းကူးတံတားတည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် မော်ဖောင်းကျေးရွာအုပ်စုနှင့် နန်ကွေ့ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော အရှည် ၃၂၄ ပေ၊ အကျယ်ပေ ၂၀ ရှိ နန်ကွေ့ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အဆိုပါချောင်းကူးတံတားကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ချောင်းကူးတံတားများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ချိုသန်းညွန့် (ကျေးလက်)

# မြန်အောင်မြို့နယ် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေး



မြန်အောင် ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်းက စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် အမှတ်(၁)ရပ်ကွက် မြို့မတဲကြီးကုန်းအုပ်စုနှင့်ညောင်မြစ်ဆွဲကျေးရွာအုပ်စုတို့၌ ဇန်နဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် စားအုန်းဆီများရောင်းချပေးကြောင်း သိရသည်။

မြန်အောင်မြို့နယ် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက အိမ်ထောင်စုတစ်စုလျှင် ၅၀ ကျပ်သားနှုန်းဖြင့် စားအုန်းဆီပိဿာ ၂၈၆၀ ရောင်းချပေးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်နိုင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဇော်ဦးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ဝင်းဗိုလ် (မြန်/ဆက်)

# ကျန်းမာရေးကောင်းမွန်စေဖို့ ရုံးပတီသီးစားကြစို့

ဒေါက်တာလပြည့်ခင်

ရုံးပတီသီးမှာ ကျန်းမာရေးအတွက် အကျိုးပြုတဲ့ဓာတ်တွေ အများကြီးပါဝင်ပါတယ်။ ရုံးပတီသီးမှာ ဆဲလ်လူးလို့စ်အမျှင်ဓာတ် (Fiber Cellulose) ၆၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဟီမီဆဲလ်လူးလို့စ် (Hemicellulose) ၁၅ ဒသမ ၄ ရာခိုင်နှုန်း၊ လစ်နင် (Lignin) ၇ ဒသမ ၁ ရာခိုင်နှုန်း၊ Pectic matter ၃ ဒသမ ၄ ရာခိုင်နှုန်း၊ အဆီဓာတ်နဲ့ ဖယောင်းဓာတ် (Fatty and Wax matter) ၃ ဒသမ ၉ ရာခိုင်နှုန်း၊ ပျမ်းမျှအားဖြင့် ရေထုတ်နုတ်မှု (Aqueous extract) ၂ ဒသမ ၇ ရာခိုင်နှုန်းပါဝင်ပါတယ်။ ရုံးပတီသီးက ပိုတက်ဆီယမ်ကြွယ်ဝပြီး ဖောလစ်အက်ဆစ်၊ ဗီတာမင် B နဲ့ C၊ ကယ်လ်စီယမ်နဲ့ အမျှင်ဓာတ်တွေပါဝင်ပါတယ်။ အဲဒီအာဟာရဓာတ်တွေက ကျန်းမာရေးအတွက် အများကြီးအကျိုးရှိစေပါတယ်။ ရုံးပတီသီးက ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါတွေကို ကာကွယ်ပေးနိုင်တဲ့အပြင် အစာချေဖျက်မှုနဲ့ဆိုင်တဲ့ ဝမ်းဗိုက်ရောဂါတွေကိုလည်း သက်သာပျောက်ကင်းစေပြီး ပန်းနာ၊ ရင်ကျပ်ရောဂါတွေကိုလည်း သက်သာစေနိုင်ပါတယ်။ ဒ့ါပြင် ကိုယ်အလေးချိန် လျှော့ချလိုသူတွေအတွက်လည်း ကိုလက်စထရောကို ထိန်းပေးနိုင်ပါတယ်။

**ရုံးပတီသီးအစိမ်းဖန်ခွက်တစ်ခွက်တွင် ပါဝင်သည့် အာဟာရဓာတ်မျိုးစုံ**

ရုံးပတီသီးမှာ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နဲ့ တခြားအာဟာရဓာတ်တွေ များစွာပါဝင်နေလို့ ကျန်းမာရေးနဲ့ပတ်သက်တဲ့အကျိုးကျေးဇူးတွေ ရနိုင်တာဖြစ်ပါတယ်။ Lady's Finger လို့ တင်စားခေါ်ဝေါ်ကြတဲ့ ရုံးပတီသီးအစိမ်းဖန်ခွက်တစ်ခွက်မှာ 30 Cal ကျော်ပါဝင်ပြီး အစားအစာနဲ့ဆိုင်တဲ့အမျှင်ဓာတ် 3 g လောက် ပါဝင်ပါတယ်။ အသားဓာတ်ကိုပေးတဲ့ ပရိုတင်း 2 g နဲ့ ကစီဓာတ်လို့ခေါ်တဲ့ ကာဗိုဟိုက်ဒရိတ် 7.6 g ပါဝင်ပြီး အဆီဓာတ်က 0.1 g ဆိုတော့ မပါသလောက်နည်းလို့ ကိုယ်အလေးချိန် လျှော့ချချင်သူတွေအတွက် အဆင်ပြေပါတယ်။ အမျိုးသမီးတွေအတွက် လိုအပ်တဲ့ ဖောလစ်အက်စစ် 88 mg နဲ့ မဂ္ဂနီဆီယမ် 57 mg လည်း ပါဝင်ပါတယ်။

**ရုံးပတီသီး၏ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများ**

ရုံးပတီသီးကို ကြော်စားတာ၊ အတို့အမြှုပ်လုပ်စားတာ၊ ကင်စားတာ၊ ချဉ်ရည်ဟင်းထဲထည့်စားတာ စသဖြင့် မိမိကြိုက်နှစ်သက်သလို စားသုံးလို့ရပါတယ်။ ရုံးပတီသီးမှာ ကျန်းမာရေးကို အထောက်အကူပြုတဲ့ အာဟာရဓာတ်များစွာ ပါဝင်ပါတယ်။ ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်တဲ့ အမျှင်ဓာတ်တွေကြွယ်ဝစွာပါဝင်ပြီး ဝမ်းချုပ်တာကို သက်သာစေနိုင်လို့ သဘာဝဝမ်းနုတ်ဆေးလို့တောင် ခေါ်လို့ရပါတယ်။ ရုံးပတီသီးမှာပါတဲ့ ချွဲပျစ်ပျစ်အစေးလေးတွေက အူမကြီးအတွင်းချေဖျက်ပြီး အစာတွေကိုပို့ဆောင်ရာမှာ ချောဆီအနေနဲ့ လုပ်ဆောင်ပေးတာကြောင့် ဝမ်းသွားရတာကို လွယ်ကူစေပါတယ်။ ရုံးပတီသီးမှာပါတဲ့ အမျှင်ဓာတ်က အူအတွင်းမှာရှိတဲ့ အကျိုးပြုဗက်တီးရီးယားတွေအတွက် အစာအာဟာရဖြစ်စေပြီး အစာခြေလမ်းကြောင်းရဲ့ရေဓာတ်ကို ထိန်းညှိပေးပါတယ်။

**ပန်းနာ၊ ရင်ကျပ်ရောဂါကို ကာကွယ်ပေးနိုင်**

ရုံးပတီသီးမှာ အမြင်အာရုံနဲ့အရေပြား ကျန်းမာရေးကို အထောက်အပံ့ပေးတဲ့ ဗီတာမင် A နဲ့ တခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေလည်း ကြွယ်ဝစွာပါဝင်ပါတယ်။ ခန္ဓာကိုယ်ရဲ့ကိုယ်ခံအားစနစ်ကို အထောက်အကူပြုတဲ့ ဗီတာမင် C ကြွယ်ဝစွာပါဝင်ပါတယ်။ ဗီတာမင် C ကြွယ်ဝမှုက ရောင်ရမ်းမှုကိုလျှော့ကျစေနိုင်သလို ပန်းနာ၊ ရင်ကျပ်ရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးပါတယ်။ ပန်းနာ၊ ရင်ကျပ်ရောဂါရှိသူတွေကို သက်သာစေနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်ကာလအတွင်း လိုအပ်တဲ့အာဟာရဓာတ်တွေကို ဖြည့်တင်းပေးပြီး ကလေးငယ်တွေကို မွေးရာပါချို့ယွင်းချက်မပါအောင် ကာကွယ်ပေးနိုင်တဲ့ ဖောလစ်အက်စစ်လည်း ပါဝင်ပါတယ်။ ဖောလစ်အက်စစ်က အဆုတ်တွေကိုသန့်စင်ဖို့ အထောက်အကူပြုပါတယ်။

**ဆီးချိုရောဂါကိုကာကွယ်ပေးနိုင်**

ရုံးပတီသီးမှာ သံဓာတ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်၊ မဂ္ဂနီးစ်အပါအဝင် ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်တဲ့ တခြားသတ္တုဓာတ် များစွာပါဝင်ပါတယ်။ ရုံးပတီသီးက အရိုးကျန်းမာရေးအတွက် အရေးပါသလို ကိုယ်တွင်းရှိ အဆစ်အမြေးပါးတွေကိုလည်း ကောင်းမွန်စေပါတယ်။ ရုံးပတီသီးမှာ ပျော်ဝင်နိုင်တဲ့အမျှင်ဓာတ်များစွာပါဝင်ပါတယ်။ ပျော်ဝင်နိုင်တဲ့အမျှင်ဓာတ်တွေက အစာခြေစနစ်ကို ကောင်းမွန်စေပြီး အစားစားချင်စိတ်ကို လျှော့ကျစေနိုင်ပါတယ်။ အမျှင်ဓာတ်ပေါ်များစွာပါဝင်ခြင်းက အူမကြီးကင်ဆာဖြစ်ပွားဖို့ အခွင့်အလမ်းနည်းပါးစေနိုင်ပါတယ်။ သွေးထဲက သကြားဓာတ်ကိုထိန်းပေးနိုင်ပြီး Myricetin ဓာတ်ပါဝင်တဲ့အတွက် သွေးထဲက သကြားစုပ်ယူမှုပမာဏ နည်းစေတာကြောင့် ဆီးချိုသမားတွေအတွက် အထူးသင့်လျော်ပါတယ်။

**နှလုံးကျန်းမာရေးကိုကာကွယ်ပေးနိုင်**

ရုံးပတီသီးမှာပါတဲ့ အမျှင်ဓာတ်က သွေးထဲက မကောင်းတဲ့ကိုလက်စထရောတွေကိုကျစေဖို့ ကူညီပေးနိုင်တာကြောင့် နှလုံးကျန်းမာရေးကို အထောက်အကူဖြစ်စေပါတယ်။ အမျှင်ဓာတ်ကြွယ်ဝတဲ့အတွက် နှလုံးသွေးကြောကျဉ်းရောဂါနဲ့ လေဖြတ်ခြင်းအန္တရာယ်ကို လျှော့ကျစေနိုင်ပါတယ်။ မဂ္ဂနီဆီယမ်ဓာတ် ပေါ်များတဲ့အတွက် ပုံမှန်သွေးဖိအားပမာဏဖြစ်အောင် ထိန်းပေးနိုင်ပြီး သွေးခဲခြင်းကို လျှော့ကျစေတာကြောင့် နှလုံးကျန်းမာရေးကိုလည်း ကောင်းမွန်စေနိုင်ပါတယ်။



ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေဖြစ်တဲ့ Flavonoid နဲ့ Isoquercetin အပါအဝင် Polyphenols အပြင် ဗီတာမင် A နဲ့ C 7 တို့ ပါဝင်ပါတယ်။ Polyphenols များတဲ့အစားအစာကို စားသုံးခြင်းက သွေးခဲခြင်းနဲ့ ဓာတ်တိုးဆန့်ကျင်ပျက်စီးမှု ဖြစ်နိုင်ခြေကို လျှော့ချပေးတဲ့အတွက် နှလုံးကျန်းမာရေးကို တိုးတက်စေနိုင်ကြောင်း သုတေသနပြုချက်များအရ သိရပါတယ်။

**ကင်ဆာရောဂါကိုတိုက်ဖျက်ပေးနိုင်**

ရုံးပတီသီးမှာ လက်တင် (Lectin)ဆိုတဲ့ ပရိုတင်းဓာတ်တစ်မျိုးပါဝင်ပါတယ်။ အဲဒီဓာတ်က ရင်သားကင်ဆာဖြစ်စေတဲ့ဆဲလ်တွေကိုတိုက်ဖျက်ရာမှာ ကူညီနိုင်ပါတယ်။ ကင်ဆာဆဲလ်ကြီးထွားခြင်းကို ၆၃ ရာခိုင်နှုန်းအထိ လုံးဝအမြစ်ဖြတ်နိုင်တယ်လို့ လေ့လာတွေ့ရှိခဲ့ပါတယ်။ ဖောလိတ်ဓာတ်လည်း ကြွယ်ဝတဲ့အတွက် ကင်ဆာရောဂါကိုကာကွယ်ဖို့ မရှိမဖြစ်ဓာတ်ဖြစ်ပါတယ်။ ဖောလိတ်ဓာတ်ချို့တဲ့သူတွေမှာ ရင်သားကင်ဆာ၊ ပန်ကရိယကင်ဆာ၊ သားအိမ်လည်တံကင်ဆာနဲ့ အဆုတ်ကင်ဆာဖြစ်ပွားမှုအန္တရာယ်များတယ်လို့ ဖော်ပြကြပါတယ်။ ဖောလိတ်ဓာတ်က ကိုယ်ဝန်ဆောင်ချိန်အတွင်းလိုအပ်ပြီး အရေးကြီးတဲ့ဓာတ်တစ်မျိုးဖြစ်ပါတယ်။ လမစေ့ဘဲကလေးမွေးဖွားခြင်းကို လျှော့ကျစေနိုင်ပါတယ်။ ဗီတာမင် C လည်းပါဝင်တဲ့အတွက် သံဓာတ်စုပ်ယူမှုအားကောင်းစေပါတယ်။ ဒါကြောင့် သံဓာတ်မပြည့်ဝလို့ ကိုယ်ဝန်ဆောင်ချိန်အတွင်းဖြစ်နိုင်တဲ့ သွေးအားနည်းခြင်း၊ သန္ဓေသားဖွံ့ဖြိုးမှု၊ ကြီးထွားမှုနောက်ကျခြင်းပြဿနာတွေ မဖြစ်စေနိုင်တော့ပါဘူး။ သန္ဓေသားကြီးထွားမှုအတွက် လိုအပ်တဲ့သွေးနီဥတွေတိုးပွားစေပါတယ်။

**အမြင်အာရုံကိုကောင်းမွန်စေနိုင်**

ရုံးပတီသီးမှာ ဗီတာမင် A ကြွယ်ဝစွာပါဝင်နေသလို ဗီတာကလိုဒီန္နိုက်၊ ဇျူတင်းစတဲ့ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝစွာပါဝင်တာကြောင့် ရုံးပတီသီးက ဓာတ်တိုးဆန့်ကျင်ပစ္စည်းအရင်းအမြစ်တစ်ခုလည်းဖြစ်ပါတယ်။ ရုံးပတီသီးအစေ့၊ အတောင့်တွေမှာ Catechins၊ Quercetin ကဲ့သို့ ဖီနိုလစ်ဒြပ်ပေါင်းတွေ (Phenolic Compounds)နဲ့ Flavonoid Derivatives အပါအဝင် ဓာတ်တိုးဆန့်ကျင်ဒြပ်ပေါင်းများစွာပါရှိပါတယ်။

ဒ့ါပြင် ရုံးပတီသီးမှာပါတဲ့ စေးကပ်တဲ့အချွဲတွေကို အူထဲမှာရှိတဲ့ အကျိုးပြုအဏုဇီဝပိုးမွှားတွေကို အစာကျွေးတဲ့ ကော်လာဂျင်နဲ့ မြူကိုပိုလီစခရိုက်စ် (Mucopolysaccharides) လိုမျိုး ပိုလီစခရိုက်စ် (Polysaccharides) တွေနဲ့ ဖွဲ့စည်းထားတာကြောင့် ရုံးပတီသီးက အစာခြေစနစ်အတွက် အလွန်ကောင်းမွန်ပြီး အစာခြေစနစ်ရဲ့လုပ်ဆောင်ချက်တွေကို တိုးတက်ကောင်းမွန်အောင် ကူညီပေးနိုင်တာဖြစ်ပါတယ်။ ရုံးပတီသီးမှာ ကြွယ်ဝစွာပါဝင်နေတဲ့ ဗီတာမင် A နဲ့ ဘီတာကယ်ရိုတင်းဓာတ် (Beta-carotene) က အမြင်အာရုံကိုကောင်းမွန်စေတဲ့ အာဟာရဓာတ်နှစ်မျိုးဖြစ်ပါတယ်။

**အရေပြားပျက်စီးခြင်းကို ကာကွယ်ပေးနိုင်**

ဘီတာကယ်ရိုတင်းက ခရမ်းလွန်ရောင်ခြည်၊ လေထုညစ်ညမ်းမှုနဲ့ ဆေးလိပ်သောက်ခြင်းကဲ့သို့ ပတ်ဝန်းကျင်ဆိုင်ရာအချက်တွေကြောင့် အရေပြားအတွင်းဖြစ်ပေါ်လာတဲ့ မတည်မငြိမ်မော်လီကျူးတွေဖြစ်တဲ့ ဖရီးရယ်ဒီကယ်တွေကို ချေဖျက်ရာမှာ အထောက်အကူဖြစ်စေတဲ့ အစွမ်းထက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်တာကြောင့် အရေပြားပျက်စီးခြင်းကို ကာကွယ်ပေးနိုင်စွမ်းရှိတယ်လို့ လေ့လာတွေ့ရှိခဲ့ပါတယ်။ ဘီတာကယ်ရိုတင်းဓာတ်က အရေပြားကိုလည်း ကြည်လင်စေပါတယ်။ ဗီတာမင် A ကတော့ အရေးအကြောင်းတွေနဲ့ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

**ရုံးပတီသီး၏ကျန်းမာရေးဆိုးကျိုးများ**

ကျန်းမာရေးအတွက် ကောင်းကျိုးတွေအများကြီးရှိတဲ့ ရုံးပတီသီးမှာလည်း ဆိုးကျိုးအနည်းငယ်တော့ရှိနေပါတယ်။ ရုံးပတီသီးမှာ ကြွယ်ဝစွာပါဝင်တဲ့ အမျှင်ဓာတ်က အစာချေဖျက်မှုအတွက် ကောင်းမွန်ပေမယ့် အမျှင်ဓာတ်အများအပြားစားသုံးခြင်းက တချို့သောလူတွေမှာ ဝမ်းချုပ်စေနိုင်ပါတယ်။ အထူးသဖြင့် အမျှင်ဓာတ်ကြွယ်ဝတဲ့ အစားအစာတွေစားသုံးမိရင် ဝမ်းပျက်တဲ့အထိဖြစ်နိုင်ပါတယ်။ ရုံးပတီသီးစားမယ်ဆိုရင် သတိထားရမယ့်အချက်တစ်ခုက ရုံးပတီသီးမှာပါဝင်တဲ့ Oxalate က ကျောက်ကပ်ကျောက်တည်တာနဲ့ သည်းခြေကျောက်တည်ဝေဒနာခံစားနေရသူတွေမှာ ကျောက်တွေကိုကြီးထွားလာစေပြီး ရောဂါအခြေအနေကို တိုးလာစေနိုင်ပါတယ်။

ရုံးပတီသီးမှာပါတဲ့ အမျှင်ဓာတ်နဲ့ တခြားအာဟာရဓာတ်တွေကြောင့် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးနိုင်တဲ့ အာနိသင်တွေရှိပေမယ့် ဆီးချိုရောဂါရှိသူတွေမှာ ရုံးပတီသီးကို အလွန်အကြူးစားသုံးရင် သွေးတွင်းသကြားဓာတ်တက်လာနိုင်ပြီး ရောဂါတိုးနိုင်ပါတယ်။ လူတချို့မှာ ရုံးပတီသီးနဲ့ဓာတ်မတည့်မှုလက္ခဏာတွေ ရှားရှားပါးပါးတွေ့ရပါတယ်။ အနည်းငယ်ယားယံခြင်းနဲ့ အရေပြားနီမြန်းခြင်းကနေ အသက်ရှူရခက်ခြင်း ဒါမှမဟုတ် ဓာတ်မတည့်ခြင်းတို့လို ပိုမိုပြင်းထန်တဲ့တုံ့ပြန်မှုတွေအထိ ဖြစ်နိုင်ပါတယ်။ ရုံးပတီသီးက ဗီတာမင် K အရင်းအမြစ်ကောင်းတစ်ခုဖြစ်ပြီး အရိုးကျန်းမာရေးနဲ့ သွေးခဲခြင်းအတွက် အခန်းကဏ္ဍတစ်ခုကနေ ပါဝင်နေပါတယ်။ သွေးကျဲဆေး သောက်သုံးနေသူတွေအတွက် ရုံးပတီသီးအများအပြားစားသုံးခြင်းက ဆေးရဲ့ထိရောက်မှုကို အနှောင့်အယှက်ဖြစ်စေနိုင်ပါတယ်။ ရုံးပတီသီးကိုကြော်စားရင် ကိုလက်စထရောပမာဏတိုးစေနိုင်တာကြောင့် ခန္ဓာကိုယ်ရဲ့ ကိုလက်စထရောပမာဏကို ထိန်းညှိချင်သူတွေအနေနဲ့ ရုံးပတီသီးကို ကြော်မစားမိဖို့လိုပါတယ်။ ရုံးပတီသီးမှာပါဝင်တဲ့ ဆိုလမင် (Solamin) က အဆိပ်အတောက်ဖြစ်စေတဲ့ ဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး တချို့လူတွေမှာ အဆစ်အမျက်ရောင်ရမ်းခြင်းနဲ့ ကြာရှည်ရောင်ရမ်းခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။

အချုပ်ဆိုရသော် ရုံးပတီသီးက နှလုံးကျန်းမာရေးကို မြှင့်တင်ပေးခြင်း၊ ကင်ဆာရောဂါကိုတိုက်ဖျက်နိုင်ခြင်း၊ အရိုးတွေကို သန်မာစေခြင်း၊ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးခြင်း၊ ကျန်းမာတဲ့ကိုယ်ဝန်ဖြစ်စေဖို့ ထောက်ပံ့ပေးခြင်း၊ အူလမ်းကြောင်းကျန်းမာရေးကို ကောင်းမွန်စေခြင်း စတဲ့ကောင်းကျိုးအဖြာဖြာနဲ့ပြည့်စုံတဲ့အတွက် ရုံးပတီသီးကို သင့်တင့်မျှတစွာစားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။

# စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲကျင်းပ




**နတ်မောက် ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန ကလေးစာဖတ်ခန်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပုံပြင်ပြောပြိုင်ပွဲကို ဇန်နဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ပုံပြင်ပြောပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ အားလပ်သည့်အချိန်များတွင် စာကြည့်တိုက်သို့ ဝင်ထွက်သွားလာနိုင်ပြီး ဗဟုသုတရဖွယ် စာအုပ်စာစောင်များငှားရမ်းဖတ်ရှုနိုင်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားပြီး မြန်မာ့ရိုးရာပုံပြင်များထဲမှ ကောင်းမြတ်သော သရုပ်ဖော်ရေးသားထားသည့် ကူညီတတ်သည့် နဂါးလေးများ ရုပ်ပြပုံပြင်စာအုပ်ဖြင့် ပုံပြောခြင်းပြုလုပ်ကာ ကျောင်းသား၊ ကျောင်းသူများအား ပြန်လည်ဆွေးနွေးမှုများ ဆောင်ရွက်သည်။

နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ရရှိစေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ကြစေရန်ရည်ရွယ်၍ အားလပ်သည့်အချိန်များတွင် ဆေးရောင်ခြယ်ခြင်း၊ ပုံပြင်ပြောခြင်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မူမူစန်း**

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ကလေးဝ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယောစုကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုးအောင်နှင့် တာဝန်ရှိသူများက ယောစုကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဦးစီးမှူးက ရွာတွင်းကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။



ယောစုကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကလေးဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆၈ သန်း အသုံးပြု၍ ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ထိုသို့ ဆောင်ရွက်ပြီးစီးမှုကြောင့် ယောစုကျေးရွာရှိပြည်သူလူထု၏လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**အေးသူ**

# ဘားအံမြို့နယ်၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်

**ဘားအံ ဇန်နဝါရီ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသထုတ်ကုန်များ ဈေးကွက်သို့ လွယ်ကူချောမွေ့စွာသယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ကရင်ဖာလင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ဇန်နဝါရီလ ၂၀ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ဦးစီးအရာရှိ ဒေါ်နန်းအဲဖောင်အွာနှင့်တာဝန်ရှိသူများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကုန်ထုတ်လမ်းကိုသတ်မှတ်ကာလအတွင်းအရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ကရင်ဖာလင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မ မြေဂဝံလမ်းပေါ်တွင် Box Culvert နှစ်စင်းပါဝင်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၀၇ ဒသမ ၈၅၇ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန်လဒုတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ရာ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ လယ်ဧက ၂၀၀ ကျော်မှ ထွက်ရှိလာမည့် ဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်**

# ပြည့်ဂုဏ်မျှော်မှန်း ပြည်သူ့စစ်မှုထမ်း

✧ ကိုယ့်တိုင်းပြည် ကိုယ်ချစ်မှ
နှစ်ရှည်တဲ့ ခိုင်မာသည်
ငြိမ်းချမ်းစေမည်။
သာယာလှတဲ့ မြန်မာပြည်
လှဝေစည် အံ့မခန်း။
လူငယ်တွေ နောင်တစ်ခေတ်
တွေးစစ်မျှော်မှန်း။

✧ နိုင်ငံတော်ကာကွယ်ရေး
တွေးဆလို့ စိတ်မှာမြင်
ကြည်ကြည်လင်လင်။
ငြိမ်းချမ်းလို့ ပျော်ရွှင်
လူတိုင်းပင် စိတ်ဆန္ဒ။
နိုင်ငံတော် အနာဂတ်
ဂုဏ်ဒြပ်ပြည့်ဝ။

✧ လူငယ်တွေ စစ်မှုထမ်း
လျှောက်လှမ်းတဲ့တာဝန်တွေ
ထူးကဲဖို့လေ။
နိုင်ငံအတွက် တာဝန်ကျေ
အမိမြေ သာယာရေး။
အမျိုးဘာသာ သာသနာအကျိုး
သယ်ပိုးစို့လေး။

✧ သည်နိုင်ငံ သည်အရေး
ရည်မျှော်တွေး သင့်ဝန်တာ
ကြိုးစားရမှာ။
ထိန်းသိမ်းလို့ စောင့်ရှောက်ပါ
ကမ္ဘာမှာ မြန်မာမျိုးတို့။
လူငယ်တွေ တာဝန်သိ
ကြည့်ရှုကြစို့။ ။

**မောင်မောင်အေး(ဘိုကလေး)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၂၅ (အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၆။ ၁၃:၀၀ အမှတ်တရနေ့ရက်များ |
| ၂။ ၀၈:၀၀ မျိုးချစ်တပ်မတော် | ၇။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၈။ ၁၅:၀၀ တစ်ချိန်ကသူတို့အကြောင်း |
| ၄။ ၁၀:၀၀ နိုင်ငံတကာသတင်း | ၉။ ၁၆:၀၀ ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၅။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း | ၁၀။ ၁၇:၀၀ သာယာသီကြွေးခေတ်ဆန်းတေး |

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် တိုးချဲ့ဖွင့်လှစ်မည်



နေပြည်တော် ဇန်နဝါရီ ၂၀

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များတိုးချဲ့ဖွင့်လှစ်နိုင်ရေး ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာပညာရှင်များ နှစ်စဉ်သင်ကြားမွေးထုတ်ပေးလျက်ရှိသော်လည်း လိုအပ်ချက်များရှိနေသေးကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်များ အသစ်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရာသီအချိန်မီနွေစပါးစိုက်ပျိုးနိုင်ရန် သဘာဝမြေဩဇာထည့်သွင်းမြေပြင်ခြင်း၊ မျိုးစေ့စုဆောင်းခြင်းလုပ်ငန်းများအတွက်ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းဆိုင်ရာများ၊ ဓာတ်မြေဩဇာလိုအပ်ချက်ကို လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# စက်မှုကျွမ်းကျင်နှစ်နှစ်သင်တန်းအမှတ်စဉ်(၄၂)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတက်ရောက်





နေပြည်တော် ဇန်နဝါရီ ၂၀

စက်မှုကျွမ်းကျင် နှစ်နှစ်သင်တန်းအမှတ်စဉ်(၄၂)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ရှိ အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနနှင့် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် နည်းပြ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတက်ရောက်ကြမည့် မောင်မယ်များအနေဖြင့်သင်ကြားပေးမည့် စက်မှုပညာရပ်များကို အပတ်တကုတ် ကြိုးစားလေ့လာသင်ယူကြရမည်ဖြစ်ပြီး သင်ယူဆွေးနွေးလေ့လာဆည်းပူးခြင်းမှရရှိလာမည့် စက်မှုပညာရပ်များကို စက်ရုံအလုပ်ရုံများနှင့် တစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးချပြီး ဝန်ကြီးဌာန၏အကျိုး၊ နိုင်ငံ့အကျိုးကို တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြသည့်လူငယ်မောင်မယ်များဖြစ်လာစေရန် တိုက်တွန်းပြောကြားသည်။

အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)ကို ၁၉၇၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အမှတ်စဉ်(၁)မှ (၄၀) အထိ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၄၇၈၇ ဦး သင်တန်းဆင်းနိုင်ခဲ့ကာ အလုပ်အကိုင်ရရှိသူ ၄၅၇၃ ဦး ရှိခဲ့သည်။ ထို့ပြင် အမှတ်စဉ်(၄၁) ဒုတိယနှစ် သင်တန်းကို သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၀၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိကာ အမှတ်စဉ်(၄၂)သို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်အထိ သက်ဆိုင်ရာဘာသာရပ်များကို စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့ နဝဒေးစက်မှုဇုန်အတွင်းရှိ ရွှေခေတ္တရာဆီစက်၊ ပွင့်ထွန်းဆန်စက်နှင့် High Power စက်မှုလက်မှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရွှေတောင်မြို့ရှိ အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)၌ ပညာရေးဝန်ကြီးဌာနမှမှာယူထားသည့် ကျောင်းဝတ်စုံများ ထုတ်လုပ်ပေးနိုင်ရေးအတွက် အဖြူချုပ်ခြင်း၊ ဆေးဆိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့်အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုတာဝန်ခံများအစည်းအဝေးကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုတာဝန်ခံများအစည်းအဝေးကို ယနေ့တွင် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။







အစည်းအဝေးဖွင့်ပွဲတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် သန့်လွင်မောင်က မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာသည် ဒေသတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် အရေးပါသော မူဘောင်တစ်ခုဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား တားဆီးနှိမ်နင်းရေး၊ ကုသရေးနှင့်ပြန်လည်ထူထောင်ရေး၊ ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးကဏ္ဍများကို အရှိန်အဟုန်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းကြောင့် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုအခြေအနေများနှင့် သယ်ဆောင်ရာလမ်းကြောင်း ပြောင်းလဲမှုများအပေါ် သုံးသပ်ပြီး အထူးစစ်ဆင်ရေးများကို နှစ်စဉ်စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာစစ်ဆင်ရေးများ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းများထိန်းချုပ်ရေးသည် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေးနှင့် လမ်းလွဲမရောက်ရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် UNODC အနေဖြင့်လည်း လိုအပ်ချက်များအပေါ် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းရာတွင် နိုင်ငံများအချင်းချင်း နိုင်ငံရေးရောယှက်မှုကင်းရှင်းစွာ သတင်းအချက်အလက်ဖလှယ်ခြင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် UNODC တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ UNODC မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး ဒေသတွင်း မူးယစ်ဆေးဝါးအခြေအနေများ၊ ၂၀၂၅ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ (၆၈) ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေးတွင် မဲခေါင် MoU အဖွဲ့ဝင်နိုင်ငံများ၏ side event ပြုလုပ်သွားမည့် ကိစ္စရပ်များ၊ မဲခေါင်ဒေသခွဲလုပ်ငန်းစီမံချက်-၁၃(မူကြမ်း) ရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်တွင် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ်၊ သပြုဆိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်







တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက မျက်စိခွဲစိတ်လူနာများအား မျက်မှန်တပ်ဆင်ပေးစဉ်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့်တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ်၊ ဒရယ်ချိုကျေးရွာနေ ဦးလင်းနိုင်ဦး၏ ဇနီးဖြစ်သူ ဒေါ်ဝေဝေမျိုးကို ၅ ပေါင် ၈ အောင်စရှိ သားဦးယောကျ်ားလေးတစ်ဦးအား အောင်မြင်စွာခွဲစိတ်မွေးဖွားပေးစဉ်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့သည့် ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှပေးအပ်သည့် ချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်စဉ်။



ဆေးကုသရန်လာရောက်သည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများပေးဝေစဉ်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ် သပြုဆိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ သပြုဆိပ်ကျေးရွာ၊ ညောင်ချောင်းဘုန်းတော်ကြီးကျောင်းရှိ ရတနာသုခဓမ္မဗိမာန်တော်တွင် အခြေပြု၍ အဆိုပါမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၂၄ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၈၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ၇၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၉ ဦး၊ မျက်စိရောဂါ ၉၈ ဦး၊ သွားရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၅ ဦး၊ မျက်စိခွဲစိတ်လူနာ ၆ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၂၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၅ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ ဇန်နဝါရီလ ၁၉ ရက်၊ ည ၈ နာရီ ၃၃ မိနစ်ခန့်တွင် ကျိုက်လတ်မြို့နယ်၊ ဒရယ်ချိုကျေးရွာနေ ဦးလင်းနိုင်ဦး၏ဇနီးဖြစ်သူ ဒေါ်ဝေဝေမျိုးကို ၅ ပေါင် ၈ အောင်စရှိသားဦးယောကျ်ားလေးတစ်ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။ အဆိုပါကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှပေးအပ်သည့် ချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း တတိယအကြိမ်မွေးဖွားပေးခဲ့သည့်ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၏ သမိုင်းမှတ်တမ်းတွင် ၃၁ ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ နယ်လှည့်အထူးကုဆေးအဖွဲ့အတွက် ဆေးဝါးများနှင့် ဒေသထွက်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"အဘွားက အကြောတက်တယ်။ နံတစ်ဖက်က နာနေတယ်။ မောတယ်။ မူးတယ်။ ၃ / ၄ လ လောက်ကသက်သာတယ်။ အဘွားအလုပ်အကိုင်ကတော့ လယ်သမားပါ။ **စာမျက်နှာ ၁၂ သို့ ●**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့်အနီးဝန်းကျင်မှ သံဃာတော်များ၊ သီလရှင်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုစဉ်။





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ဇန်နဝါရီလ ၁၉ ရက် နေ့လယ်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျွန်းစုမြို့ရှိအထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် အခြေပြု၍ အဆိုပါမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၉၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၉၃ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၃ ဦး၊ ကလေးရောဂါ ၃၆ ဦး၊ အရိုးရောဂါ ၉၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၆ ဦး၊ မျက်စိရောဂါ ၁၈၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၆ ဦး၊ မျက်စိခွဲစိတ်လူနာ ၂၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၄ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားကြောင်း သတင်းရရှိသည်။

(၁၀၀)




**● စာမျက်နှာ ၁၁ မှအဆက်**

● စာမျက်နှာ ၁၁ မှအဆက်

အခုလိုလာရောက်ဆေးကုသပေးတာကို နှစ်စဉ်နှစ်တိုင်းတောင်မကပါဘူး ၃ လတစ်ကြိမ်၊ ၂ လတစ်ကြိမ်လောက် ဖိတ်ခေါ်ချင်ပါတယ်။ အခုအဘွားတို့နဲ့အတူ လာပြီးတော့ ရောဂါပေါင်းစုံလည်း မိသားစုတွေကုလို့ရပါတယ်။ ကုပေးတဲ့ဆရာဝန်တွေကိုလည်း နှစ်စဉ်နှစ်တိုင်း ကျန်းမာချမ်းသာပါစေလို့ အမြဲတမ်းမေတ္တာပို့ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ”ဟု အဘွားဒေါ်သောင်းကြည်က ပြောသည်။

“သမီးက ညောင်ချောင်းကျေးရွာကနေလာပြီးတော့ ဆေးလာပြတာပါ။ အခြေခံပညာအထက်တန်းကျောင်း(အထက သပြုဆိပ် ညောင်ချောင်း) Grade-10 မှာ ပညာသင်ကြားနေတာပါ။ နှလုံးအောင့်တဲ့ရောဂါဝေဒနာနဲ့လေအောင့်တဲ့ ရောဂါဝေဒနာကိုလာပြတာပါ။ နှစ်ခုစလုံးကတော့ ၂ နှစ်လောက်တော့ရှိပါပြီ၊ ခံစားရရင်လည်း ဆက်တိုက် တစ်လကျော် နှစ်လလောက်ကျောင်းပျက်ခဲ့ရပါတယ်။ ခုလိုလာရောက်




ကုသဖို့အတွက် စေလွှတ်ပေးခဲ့တဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ ဆရာဝန်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်လည်း လာရောက်ကုသဖို့အတွက် သမီးအနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်။ အခုလိုကုသပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်”ဟု ကျောင်းသူ မသက်ထားဝေခင်က ပြောသည်။




“ညီမတို့ရွာကို နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ ရောက်လာတာနဲ့ ကျေးလက်ဆေးခန်းကနေ ဆရာမတွေကလည်း မွေးဖို့ရက်စေ့ပြီလို့ပြောတာကြောင့် သဘော်ပေါ်မှာ လာရောက်မွေးဖွားတာဖြစ်ပါတယ်။ ဒီသင်္ဘောပေါ်မှာလာမွေးတော့ ဆရာဝန်ကြီးတွေက စိတ်ရှည်လက်ရှည်နဲ့ ကူညီခွဲမွေးပေးပါတယ်။ အာဟာရပြည့်ဝတဲ့အစားအစာတွေ၊ ထောက်ပံ့မှုပစ္စည်းတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ပေးအပ်ခဲ့ပါတယ်။ အပြင်မှာမွေးဖွားမယ်ဆိုရင် ငွေကြေးကုန်ကျပေမယ့် ဒီသင်္ဘောပေါ်မှာ အခမဲ့ခွဲပေးတဲ့အတွက် ဆရာဝန်ကြီးတွေရော ခွဲစိတ်ဆရာဝန်တွေရော ကျေးဇူးတင်ပါတယ်။ အခုလိုဆေးကုသနိုင်အောင် ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်”ဟု မီးဖွားလူနာ မဝေဝေမျိုးက ပြောသည်။

(၁၀၀)

# မေတ္တာအပြုံး အလှဆုံးပါပေ

ထက်ဝေအောင်(စစ်ကိုင်း)

လူ့ဘဝသည် ရခဲလှသည်။ ရခဲလှသည့် လူ့ဘဝတွင် အကျိုးရှိစွာနေထိုင်ကြရမည်ဖြစ်သည်။ နေ့စဉ်ဘဝတွင် ရှုပ်ထွေးသောလောကဓံအနေအရင့်ကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ ပြဿနာအသေးအမွှားကို ခံနိုင်ရည်ရှိကြသော်လည်း ကြီးမားရှုပ်ထွေးသော ပြဿနာများကို ရင်ဆိုင်နိုင်စွမ်းမဲ့ကြသည်။ ပြဿနာကို ကျော်ခိုင်းထွက်ခွာကြသည်။ အချို့က ပြဿနာနှင့်ထိပ်တိုက်တွေ့ရန် အားပေးသကဲ့သို့ အချို့က ပြဿနာအဝန်းအဝိုင်းထဲမှရှောင်ထွက်သွားရန် နည်းလမ်းပေးကြသည်။ မည်သူမဆို ပြဿနာကင်းစင်သာယာလှပသောဘဝကိုလိုချင်ကြသည်။ ပြည့်စုံချမ်းသာသောဘဝကို မက်မောကြသည်။ သို့တိုင် လူချင်းတူကြသော်လည်း ကံတရားမှာမတူညီကြပေ။ ပြုခဲ့ဖူးသည့် ကုသိုလ်၊ အကုသိုလ်ကံ မတူညီမှုအလိုက် အကျိုးပေးခြင်းလည်း မတူညီနိုင်ပေ။

ကုသိုလ်ကို စိတ်ပိုင်းကြည့်လျှင် အဆိုးတရားများကို ဖယ်ရှားဖျက်ဆီးနိုင်သောတရားဟူ၍ တရားတော်များမှ သိရှိရသည်။ ကုသိုလ်နှင့်ပျော်မွေ့သူတစ်ယောက်သည် သဘာဝအရ စိတ်နှလုံးနူးညံ့ပြီး ကျယ်ဝန်းသောငြိမ်းချမ်းမှုနှင့် အပြန်အလှန်ဆက်စပ်နေလေ့ရှိသည်။ ကုသိုလ်ရှိသူသည် မေတ္တာနှင့်ပျော်ရွှင်မှုကို ကောင်းစွာဖန်တီးနိုင်ပေသည်။ ကုသိုလ်၏ အခြားဘက်၌ အကုသိုလ်တည်ရှိသည်။ အကုသိုလ်သည် ကုသိုလ်၏ဆန့်ကျင်ဘက်အလုပ်များကို ပြုကျင့်ခြင်းကြောင့် ရှောင်ရှားသင့်သည့်သဘောတရားတစ်ခုဖြစ်သည်။ အကုသိုလ်သည် သိလျက်ဖြစ်စေ၊ ရည်ရွယ်လုပ်ဆောင်မှုကြောင့်ဖြစ်စေ ပြုမူနိုင်သည်။ တစ်ပါးသူ၏အသက်၊ အရုက်နှင့်သိက္ခာညှိုးနွမ်းအောင်လုပ်ဆောင်မှုတိုင်း သူတစ်ပါးအကျိုးစီးပွားပျက်စီးစေသဖြင့် အကုသိုလ်အလုပ်ကို ရှောင်ရှားကြရမည်ဖြစ်သည်။

အတိတ်ကပြုခဲ့ဖူးသည့် ကုသိုလ်၊ အကုသိုလ်အရိပ်လက္ခဏာများကို မျက်မှောက်ဘဝနေထိုင်မှုပုံစံကို ကြည့်ရှုရုံမျှဖြင့် အကဲခတ်နိုင်သည်။ အတိတ်ကံသည် ပြုလုပ်ပြီးဖြစ်ခြင်းကြောင့် ဆိုးခြင်း၊ ကောင်းခြင်းကို ပြုပြင်တည့်မတ်ရန်မလွယ်ကူနိုင်ပေ။ အတိတ်ကံကောင်းမှုကြောင့် ဘဝတစ်လျှောက် အပူအပင်ကင်းကင်းနေထိုင်ရသူများလည်းရှိသည်။ လုပ်တိုင်းမဖြစ် စိတ်ညစ်နေရသူများလည်းရှိသည်။ အခက်အခဲ၊ အကျပ်အတည်းသည် ပြည့်စုံသူ၊ မပြည့်စုံသူများအကြား အမြဲတစေဝင်ရောက်နေမည်သာဖြစ်သည်။ သို့ဖြစ်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ခရီးကြမ်းတွင် ကံကောင်းစေမည့် ကုသိုလ်စိတ်ထားပွားများအားထုတ်ပြီး စိုးရိမ်ကြောင့်ကြမှုကို ဖြေလျှော့သွားရမည်ဖြစ်သည်။

စိုးရိမ်သောက စိတ်ဒုက္ခသည် လွန်စွာကျဉ်းမြောင်းလှသည်။ စိတ်ညစ်လျှင် စိတ်ထွက်ပေါက်ပိတ်သွားသည့်ပမာ ဖြစ်သွားသည်။ စိတ်ညစ်လျှင် သတိကင်းကွာနေလေ့ရှိသည်။ ဒေါသ၊ လောဘ၊ မောဟတည်းဟူသောမီးသုံးပါးကို လွန်မြောက်သော နှလုံးသွင်းဆင်ခြင်မှုက အရေးကြီးသည်။ နေ့စဉ်နှင့်အမျှ အဆင်ပြေသော နှလုံးသွင်းမှုဖြင့် အဆိုးထဲမှရုန်းထွက်ရမည်ဖြစ်သည်။ နင်လား၊ ငါလား စိတ်ဒုက္ခကို အကောင်းမြင်စိတ်ဖြင့်ကျော်ဖြတ်နိုင်ပြီး ယောနိသော မနသိကာရတရားလက်ကိုင်ထားရမည်ဖြစ်သည်။

❒ **ကုသိုလ်နှင့်ပျော်မွေ့သူတစ်ယောက်သည် သဘာဝအရ စိတ်နှလုံးနူးညံ့ပြီး ကျယ်ဝန်းသောငြိမ်းချမ်းမှုနှင့် အပြန်အလှန်ဆက်စပ်နေလေ့ရှိ . . .**

❒ **လူသည် ဒေါသ၊ လောဘ၊ မောဟတည်းဟူသောမီးသုံးပါးကို အခြေပြုတည်ဆောက်ထားခြင်းကြောင့် သတိရှိသူက လူတော်ဖြစ် . . .**

❒ **မလိုစိတ်သည် လွန်စွာကြောက်စရာကောင်း . . .**

❒ **သူတစ်ပါးအဆင်ပြေမှု၊ ကြီးပွားတိုးတက်မှုအပေါ် ထားရှိသည့်မလိုစိတ်သည် သံသရာအကျိုးစီးပွားကို အတားအဆီးဖြစ်စေနိုင် . . .**

လူသည် ဒေါသ၊ လောဘ၊ မောဟတည်းဟူသောမီးသုံးပါးကို အခြေပြုတည်ဆောက်ထားခြင်းကြောင့် သတိရှိသူက လူတော်ဖြစ်ပေသည်။ နေ့စဉ်ဘဝမီးသုံးပါး၏ခြယ်လှယ်မှုအောက်တွင် ပုံစံအမျိုးမျိုးဖြင့် ရှင်သန်နေကြရသည်။ ငို၊ ရယ်၊ မဲ့၊ ပြုံး သရုပ်ဆောင်ချက်များနှင့် အာရုံပေါ်ရာလိုက်လံသရုပ်ဆောင်ချက်များသည် စိတ်နှလုံးသား၏လှုပ်ခတ်သံဟု ဆိုနိုင်သည်။ ရုတ်တရက်သတိလွတ်၍ ဒေါသဖြစ်သည်။ ကိုယ်ကျိုးကြည့်၍ လောဘဖြစ်ရသည်။ သတိနှင့်ကြည့်လျှင် မောဟပင်မဝင်နိုင်ပေ။ လောကဓံ၏အလှည့်အပြောင်းကို လုပ်ဆောင်သမျှ မြင်နိုင်အောင်သတိဖြင့် ကြည့်ရှုမှုသာအမောပြေနိုင်သည်။ နှလုံးသားလေး အေးအောင်ထားရပေမည်။

ကျန်းမာသောဘဝကိုလည်း တည်ဆောက်ကြရသည်။

ပျက်စီးခြင်းနှင့် ဖျက်ဆီးခြင်းသည် ကျောချင်းကပ်နေသော အမှောင့်ပယောဂသဖွယ်ဖြစ်သည်။ မြင်အပ်သောပယောဂ၊ မမြင်အပ်သောပယောဂများ ဝင်ရောက်နှောင့်ယှက်မှုကို လူတိုင်းသတိပြုကြရမည်ဖြစ်သည်။ မိမိထံဝင်ရောက်လာနိုင်သည့် လောကဓံ၏အထုအထောင်း၊ သဘာဝကျသောအပြုအမူ၊ လှုပ်ရှားမှုများဖြင့် အသိ၊ သတိယှဉ်ရင်ဆိုင်ရပေမည်။ မလိုစိတ်သည် လွန်စွာကြောက်စရာကောင်းလှသည်။ သူတစ်ပါးအဆင်ပြေမှု၊ ကြီးပွားတိုးတက်မှုအပေါ် ထားရှိသည့်မလိုစိတ်သည် သံသရာအကျိုးစီးပွားကို အတားအဆီးဖြစ်စေနိုင်သည်။ မိမိနှင့်သူတစ်ပါးအကျိုးပျက်ပြားစေရန် အတွေးအကြံလက်မခံဘဲ စိတ်ကိုဖြူအောင်ထားရမည်ဖြစ်သည်။

ပုံမှန်အတွေးတစ်စကိုအစပြု၍ ဖြစ်ပေါ်လာလေ့ရှိသော အတွေးမှားများကြောင့် ကိုယ်၊ နှုတ်၊ စိတ်တို့ အရုပ်ဆိုးရသည်။ စိတ်၏အတွေးဆိုးများ မဝင်ရောက်စေရေး သူငါအများမှိုင်းတိုက်ထားသည့် အဆိုးအကြံဟူသမျှ ချက်ချင်းတုံ့ပြန်လက်မခံရန်ဖြစ်သည်။ အတွေးသည် အိမ်တစ်လုံးနှင့်တူသည်။ လူသားအားလုံးသည် နေ့စဉ်ဘဝအချိန်ကာလတိုင်း အတွေးများဖြင့်ဖြတ်သန်းနေထိုင်ကြသည်။ သွားရင်းတွေးသည်။ စားရင်းတွေးကြံသည်။ အလုပ်လုပ်ရင်းလည်းတွေးတောသည်။ စိတ်သည် အလုပ်များစွာရှုပ်ထွေးနေသည့်တိုင် အတွေးကိုလက်ခံလမ်းဖွင့်ပေးသည်။ အတွေးအကြံများသည် အတိတ်၊ အနာဂတ်ကိုခြေဆန့်လေ့ရှိပြီး မကျေနပ်မှု၊ အောင်မြင်မှု၊ ကျရှုံးမှုများထင်ဟပ်ချိန် စိတ်မှာအတက်အကျဖြစ်ရသည်။ စိတ်ဆင်းရဲရသည်လည်းရှိသည်။ ကြည်နူးခံစားရသည်လည်းရှိပေသည်။ စိတ်ညစ်က ကိုယ်ခန္ဓာကိုညှိုးနွမ်းစေသည်။ စိတ်သည် ကျန်းမာရေးကိုအထောက်အကူပြုစွမ်းရှိသည်။ စိတ်ဓာတ်သန်မာသူများ ကျန်းမာကြံ့ခိုင်ကြသည်။

မနက်ဖြန်တိုင်းသည် ဖမ်းဆုပ်ရရှိနိုင်သော အခွင့်အရေးများစွာရှိပေသည်။ ပို၍လှသောမနက်ဖြန်သည် မိမိ၏လက်ထဲတွင်သာရှိသည်။ မိမိ၏တုံ့ပြန်မှုသည် အရေးကြီးသည်။ မေတ္တာတရားသည် လွန်စွာအရေးကြီးလှသည်။ ဘဝငြိမ်းချမ်းမှု တည်ဆောက်ရာတွင် မေတ္တာဖြင့်တုံ့ပြန်၍ သည်းခံခြင်းဖြင့် တည်ဆောက်ကြရလေ့ရှိသည်။ မီးနှင့်တူသောဒေါသကို ထိန်းသိမ်းကြရသည်။ ဒေါသ၏အဖျက်စွမ်းအားက လွန်စွာကြီးမားလှပြီး ဒေါသနှင့်အပြိုင် သောကယိုင်ကျလာမည်ဖြစ်သည်။ ရီဝေအုံ့မှိုင်းစိတ်ရိုင်းများစွာက မိမိ၏အောင်မြင်မှုကို ပိတ်ဆို့နေစေသည်။ သွားမည့်လမ်းအတားအဆီးဖြစ်နေမည်။ မနက်ဖြန်ရဲ့တံခါးကို အသာအယာဖွင့်ထားနိုင်မှသာ နေပျော်ဖွယ်ကောင်းသော ဘဝရသကို ခံစားရရှိနိုင်မည်ဖြစ်သည်။ စိတ်အဆိုးများကို တွန်းထုတ်ပစ်ကြည့်လျှင် လွတ်လပ်ပေါ့ပါးသောစိတ်၊ ဖြူစင်သောစိတ်ကို တွေ့ရှိနိုင်သည်။ စိတ်သည် အတားအဆီးအပိတ်အဆို့မရှိ ပေါ့ပါးနေပေလိမ့်မည်။ စိတ်၏ကြည်လင်မှုအစွမ်းကြောင့် ရုပ်သည်လည်း လန်းဆန်းနေရပေမည်။ စိတ်သွားတိုင်းကိုယ်ပါ ဆိုစကားအတိုင်း သွားလာလှုပ်ရှားမှုတိုင်းသည် သွက်လက်နေမည်ဖြစ်သည်။

ဘဝတစ်လျှောက်တွင် အသက်ရှင်သန်ရပ်တည်ရေး လှုပ်ရှားရုန်းကန်ကြရသည်။ အသက်အလိုက် ကြုံတွေ့ရင်ဆိုင်ရသည့် လောကဓံ၏ဆူကြုံနိမ့်မြင့်ကို ခါးစည်းခံကြရသည်။ အဆိုပါလောကဓံသည် လူတိုင်းကြုံတွေ့ရသည့် အခက်အခဲသာဖြစ်သည်။ ထိုအခက်အခဲကို မည်သို့ကျော်ဖြတ်မည်နည်း။ ကိုးကွယ်ယုံကြည်ရာဘာသာတိုင်းတွင် လိုက်နာကျင့်ကြံဖွယ်အဆုံးအမရှိပေသည်။ ဓမ္မသဘောတရား၏အောက်တွင် သင်ယူနိုင်အောင်၊ ငြိမ်းချမ်းအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ နေ့စဉ်ကြုံတွေ့ရနိုင်သည့်လောကဓံကို ချစ်သောလောကဓံအဖြစ်ရှုမြင်နိုင်သည်အထိ အကျိုးများအောင်ကြိုးစားရမည်ဖြစ်သည်။ မိမိတို့၏ကြိုးစားအားထုတ်မှုအလိုက် တိုးတက်မှုလည်းရှိနိုင်သည်။ ထင်တိုင်းမရောက် မပြီးမြောက်သောစိတ်ဆန္ဒများဖြင့် အခက်အခဲကြားမှ မလွတ်မြောက်နိုင်သည်လည်းရှိသည်။ ကြိုးစားရမည်က မိမိတာဝန်သာဖြစ်သည်။

လူ့ဘဝ၏ မြတ်ရတနာသဖွယ်ဖြစ်သော ကံငါးပါးကို မလွန်ကျူးအောင် ထိန်းသိမ်းကြရမည်ဖြစ်သည်။ လူ့သက်တမ်းသည် နတ်တို့၏ သက်တမ်းနှင့်တွက်ဆလျှင် လွန်စွာတိုတောင်းလှခြင်းကြောင့် လူဖြစ်ခွင့်ရခိုက် အချိန်ရှိခိုက် လုံ့လစိုက်ရမည်ဖြစ်သည်။ အသက်အရွယ်အလိုက် ပြုကျင့်လုပ်ဆောင်ရမည့် အလုပ်များကိုလုပ်ဆောင်လျက် ဒါန၊ သီလ၊ ဘာဝနာမချို့တဲ့ရေး ကုသိုလ်စိတ်နှင့် တွန်းအားပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိ၏ကြိုးစားအားထုတ်လိုစိတ်၊ ကောင်းမွန်သောစိတ်ခံစားချက်ဖြင့် ရှင်သန်လိုစိတ်သည်သာ လက်တွေ့ဆန်သောဘဝတစ်ခုဖြစ်သည်။ မိမိဘဝခရီးကို အကောင်းဆုံးလျှောက်လှမ်းကြရမည်ဖြစ်သည်။ လောကဓံ၏အထုအထောင်းအောက်တွင် အရှုံးပေးမရပ်တန့်သင့်ဘဲ အချိန်ရှိခိုက်ကြိုးစားကြရမည်သာဖြစ်သည်။ ရလဒ်ဟူသည် ကြိုးစားအားထုတ်မှုမှသာ သက်ဆိုင်ပေသည်။ မဆုတ်မနစ်ကြိုးစားသူတိုင်း အောင်မြင်မှုအသီးအပွင့်ကို ခံစားခွင့်ရှိသည်။ ပြုံးပျော်ဘဝပိုင်ဆိုင်ရဖို့ စိတ်မကျေနပ်မှုမှတစ်ဆင့် ဖြစ်ပေါ်လာသောအတွေးများကို လွှတ်ချလိုက်ရမည်သာဖြစ်သည်။ သတိအဖော် လက်တွဲခေါ်လျက် အရေးမပါသောအကြောင်းအရာများကို ဖယ်ရှားနိုင်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ အချိန်မရွေး ငြိမ်းချမ်းစွာဖြတ်သန်းနိုင်ရေးမှာ မေတ္တာစိတ်ကိုဗဟိုပြု၍ ပစ္စုပ္ပန်တည့်တည့်ရှုသိလျက် မေတ္တာအပြုံး အလှဆုံးပြုံးနိုင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း အတွေးအမြင်ဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ရွှေတောင်မြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**ရွှေတောင် ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ဇန်နဝါရီလ ၁၉ ရက်တွင် "ခြယ်သူမဲ့အဖြူရောင်နှင့်ခွန်အားရှိသော ကမ်းလက်များ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။

စာဖတ်ဝိုင်းတွင် စာပေချစ်မြတ်နိုးသူများအသင်း (Book Club) နာယက ဆရာကြီး ဦးအုန်းမောင်(မောင်အေးငြိမ်း-သရက်)က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်က ရွှေတောင်မြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် စာပေမှ ဗဟုသုတများရရှိစေရန်၊ စာပေဖတ်ရှုခြင်းမှ စာရေးသူများတိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် စာဖတ်ဝိုင်းကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ်းလက်စာပေအဖွဲ့ ( Beacon)ကစီစဉ်သည့် "ခြယ်သူမဲ့အဖြူရောင်နှင့်ခွန်အားရှိသော ကမ်းလက်များ" စာအုပ်ပါအကြောင်းအရာများကို ဦးဇော်မင်း (အငြိမ်းစား-ပညာရေး)၊ ဦးအုန်းမောင်(မောင်အေးငြိမ်း-သရက်)တို့က ဦးဆောင်ဆွေးနွေးပြီး စာပေချစ်မြတ်နိုးသူများအသင်း (Book Club) အသင်းဝင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် အပြန်အလှန်ဆွေးနွေးကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၆ / ၂၀၂၅**
၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)
**နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးခင်မောင်လတ်အား နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူး အယူခံမှု (၃)မှုတို့ကို စီရင်ချက်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးနှင့် ဒေါက်တာကိုကိုနိုင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၄/၂၀၂၄ (ရှမ်း)နှင့် တရားမအထူးအယူခံမှုအမှတ် ၇၀/၂၀၂၄ (မန္တလေး)၊ ၇၃/၂၀၂၄ (မွန်)၊ ၇၄/၂၀၂၄(စစ်ကိုင်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၃)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၅၈/၂၀၂၄ (ရန်ကုန်)၊ ၅၉/၂၀၂၄(ရန်ကုန်)၊ ၆၀/၂၀၂၄(ရန်ကုန်)၊ ၆၁/၂၀၂၄(ရန်ကုန်)၊ ၇၅/၂၀၂၄(ရန်ကုန်)၊ ၇၇/၂၀၂၄(ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်(၈)မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်(၈)မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် နေပြည်တော် ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ မြို့နယ်(၈)မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းတွင် သင်ကြားပေးခဲ့သည့်စေတနာလုပ်အားပေး နည်းပြများ၊ ကြီးကြပ်များနှင့် စာသင်သား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပျဉ်းမနားမြို့နယ်အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက "စာတတ်မြောက်ရေးဝိုင်းကူပေး"သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသင်ပညာရေးနည်းလမ်းနှင့် မသင်ကြားခဲ့ရသူများ၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ကျောင်းပြင်ပသို့ရောက်ရှိနေကြသည့် ကျောင်းနေအရွယ်လွန်ကလေးများအား အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ကျောင်းပြင်ပပညာရေးနည်းလမ်းဖြင့် ဒုတိယအကြိမ်သင်ယူမှု အခွင့်အလမ်းရရှိစေရေးဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စဉ်ဆက်ပညာရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စဉ်ဆက်ပညာရေးကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတ်မှတ်မြို့နယ်များတွင် ရှေ့ပြေးအဖြစ်ဆောင်ရွက်ခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေတွင် ယခုလို ဂုဏ်ပြုပွဲကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ဧပြီလနှင့် မေလအတွင်းက အမျိုးသားရေးလှုပ်ရှားမှုအသွင်အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုရှိယာခြောက်ခုတို့တွင်နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့်စဉ်ဆက်ပညာရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်မြို့နယ် (၈) မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခဲ့သည့် နေပြည်တော်ကောင်စီနှင့် စေတနာလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် နည်းပြနှင့်ကြီးကြပ်ကိုယ်စားလှယ်နှစ်ဦးတို့အား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုလက်မှတ်များပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ စဉ်ဆက်ပညာရေးလုပ်ငန်း၊ ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးစသည့် တန်းညှိပညာရေးအစီအစဉ်များကို နေပြည်တော်ကောင်စီအနေဖြင့် နှစ်အလိုက်တိုးချဲ့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် မြို့နယ်(၈)မြို့နယ်စဉ်ဆက်ပညာရေးလုပ်ငန်းကိုပူးပေါင်းဆောင်ရွက်ခဲ့သည့် နေပြည်တော်ပညာရေးမှူးရုံးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းတွင်သင်ယူတက်ရောက်ခဲ့သည့်စာသင်သားကိုယ်စားလှယ်နှစ်ဦးတို့ကို ဂုဏ်ပြုလွှာနှင့် သင်ယူပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များပေးအပ်ပြီး စာသင်သားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "လူတိုင်းအတွက်ပညာရေး" သီချင်းဖြင့် သီဆိုဂုဏ်ပြုသည်၊ ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်ပညာရေးလုပ်ငန်းဂုဏ်ပြုပွဲ အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် နက္ခတ်တာရာ ပြခန်းများအတွင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီလှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သစ်တောသုတေသနဌာန(ရေဆင်း)ဧည့်ရိပ်သာဆောင် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် တိရစ္ဆာန်ဥယျာဉ် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နေပြည်တော်တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်တို့ကို ပြည်သူများလာရောက်အပန်းဖြေအနားယူနိုင်ရန်၊ ဗဟုသုတရစေရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်သဘောတရားများကို သိရှိနားလည်စေရန် ရည်ရွယ်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာပညာရပ်များ လေ့လာသင်ယူမှုနှင့် သုတေသနဆိုင်ရာ လုပ်ငန်းများအတွက်လည်း များစွာအထောက်အကူပြုကြောင်း၊ ထို့ပြင် ရှားပါး၍ မျိုးတုံးရန်အန္တရာယ်ရှိသည့်မျိုးစိတ်များ မျိုးဆက်ပြန့်ပွားနိုင်ရန်အတွက် ထိန်းသိမ်းမွေးမြူသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိရစ္ဆာန်ဥယျာဉ်အတွင်း ပြကွက်တစ်ခုချင်းအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြုပြင်ဆောင်ရွက်နေမှုများ၊ နက္ခတ်တာရာပြခန်း၊ ပြကွက်များနှင့် ဆာဖာရီဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)



## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁၂-၁-၂၀၂၅ ရက် ည ၈ နာရီမှ ၁၉-၁-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၀၄၃ ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး**
**ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ






ရန်ကုန် ဇန်နဝါရီ ၂၀

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဇီဝကလမ်းအမှတ်(၅)ရှိဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဂုဏ်ပြုမိန့်ခွန်းအား ရှေ့ဖုံးစာမျက်နှာတွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှပါမောက္ခများ၊ ပြည်တွင်း ပြည်ပမှ သုတေသီပညာရှင်များ၏ အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသန(Social Sciences/ Health System Research) ဆိုင်ရာ သုတေသနစာတမ်းများကို တင်သွင်းဖတ်ကြားပြသကြမည်ဖြစ်သဖြင့် မျက်မှောက်ခေတ်ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများအတွက် အဖြေရှာနိုင်မည့်အလွန်တန်ဖိုးရှိသော သုတေသနတွေ့ရှိချက်များကို တင်ပြကြမည်ဟု ယုံကြည်ပါကြောင်း။

ညီလာခံရက်များအတွင်း ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲများဖြစ်သည့် "မြန်မာ-ကိုရီးယား ပူးတွဲ၍ တီဘီရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် ငှက်ဖျားရောဂါ သုတေသနဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၅)" – "Myanmar–Korea Joint Symposium (2025)"၊ "ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သောလူမှုဘဝ မြှင့်တင်စေရန်ဆောင်ရွက်ခြင်း"၊ "Promoting a Healthy Lifestyle and Addressing Health Risk Behaviors"၊ "သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်ရောဂါများ၏ ဗိုင်းရပ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှုဆိုင်ရာများကို မီးမောင်းထိုးပြခြင်း"– "Virological and Immunological Highlights of Dengue, Chikungunya and Zika Virus Infections in Myanmar"၊ "ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence) ကို ဆေးပညာတွင်အသုံးပြု၍ ကျန်းမာရေးမျိုးဆက်သစ်များကို ပုံဖော်မွေးထုတ်နိုင်ရန်ဆောင်ရွက်နေမှု"–"Artificial Intelligence: Shaping the Next Generation of Health Professionals" နှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲတစ်ခုတို့ကို ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြင့် ကျင်းပသွားမည်ဖြစ်သည်ဟု သိရှိရကြောင်း။

ထို့ပြင် ကိုရီးယားနှင့်မြန်မာသုတေသီများ၏ ညီလာခံအကြိုလှုပ်ရှားမှု (Pre-conference activity)တွင် တီဘီဆေးအသစ်ယဉ်ပါးမှုဆိုင်ရာ ဓာတ်ခွဲလုပ်ငန်းများ၊ မျိုးဗီဇတစ်ခုလုံးကိုလေ့လာခြင်း (Whole genome sequencing) ဆိုင်ရာ စာတွေ့လက်တွေ့လုပ်ဆောင်မှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံမှ သုတေသီများ၊ ဓာတ်ခွဲပညာရှင်များ၊ ဓာတ်ခွဲကျွမ်းကျင်များအနေဖြင့် နည်းပညာကျွမ်းကျင်မှုများ တိုးတက်ရရှိမည်ဟု မျှော်လင့်ကြောင်း၊ သုတေသနစာတမ်းရှင်များသည် သုတေသနတွေ့ရှိချက်များကို ညီလာခံသို့ စာတမ်းတင်သွင်းရုံမျှမကဘဲ ပြည်တွင်း ပြည်ပ သုတေသနဂျာနယ်များတွင်ဖော်ပြနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းနှင့် သုတေသနပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ အေးအေးခင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးသုတေသနပညာရှင်များ၊ စာတမ်းဖတ်ကြားမည့် အဓိကသုတေသီများနှင့် ပြည်ပပညာရှင်များသည်သုတေသနပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

ညီလာခံသို့ တင်သွင်းလာသည့်စာတမ်းများမှ အကောင်းဆုံးအခြေခံ သုတေသန (Basic Research) စာတမ်းဆုများ၊ အကောင်းဆုံးလက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ အကောင်းဆုံးကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းဆုများ၊ အကောင်းဆုံးပိုစတာစာတမ်းဆုများနှင့် လူငယ်သုတေသီဆုများကို စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စာတမ်းဖတ်ပွဲများကျင်းပ




ရန်ကုန် ဇန်နဝါရီ ၂၀

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိသည်။

ညီလာခံပထမနေ့တွင် ပုံမှန်ကိုယ်အလေးချိန်ရှိသော်လည်း အသက်လတ်ပိုင်း(၄၀-၆၀ နှစ်အတွင်းရှိ) အဆီများနေသောသူများကို တွေ့ရှိရမှုနှင့် ယင်းတို့နှင့် ဆက်စပ်နေသော နှလုံးသွေးကြောဆိုင်ရာ အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှစ်ခုတွင် လေ့လာခြင်း သုတေသနစာတမ်း၊ မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူများတွင် ကိုယ်လက်ကြံ့ခိုင်မှုအားလေ့လာခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သော တစ်ကြိမ်လေ့လာမှုသုတေသနတွင် တွေ့ရှိခဲ့သော ကာယကြံ့ခိုင်မှုပျံ့နှံ့မှုသုတေသနစာတမ်း၊ သက်ကြီးရွယ်အိုလူနာများ၏ အာဟာရအခြေအနေနှင့်အားအင်ချည့်နဲ့ခြင်းတို့၏ဆက်စပ်မှုကိုလေ့လာခြင်းသုတေသနစာတမ်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ သွေးဆိပ်သင့်လူနာများတွင်တွေ့ရှိသည့် ပြင်းထန်သော Escherichia coli မျိုးကွဲများကို ဉာဏ်ရည်တုနည်းပညာသုံးဇီဝသတင်းအချက်အလက်တွက်ချက်နည်းများဖြင့် မျိုးဗီဇတစ်ခုလုံးကိုလေ့လာခြင်း သုတေသနစာတမ်း၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး သွေးကင်ဆာလူနာများ၏ခန့်မှန်းဆယ်နှစ်တာအသက်ရှင်မှုသုတေသနစာတမ်းများကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆေးသုတေသနဦးစီးဌာနနှင့်ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Centre တို့ အကြားဆောင်ရွက်မည့် Letter of Intent ကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာအေးအေးခင်နှင့် ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Center, Chairman of the Board, Dr Sundae Song တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မြန်မာ-ကိုရီးယားပူးတွဲနှီးနှောဖလှယ်ပွဲ(၂၀၂၅)ကို "ဆေးယဉ်ပါးတီဘီရောဂါ၊ အသည်းရောင်အသားဝါဘီနှင့် ငှက်ဖျားရောဂါတို့ကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် ရောဂါရှာဖွေရေးနှင့် ကုသရေးနည်းလမ်းသစ်များဆီသို့" ခေါင်းစဉ်ဖြင့် ကျင်းပသည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ ကူးစက်ရောဂါများထိန်းချုပ်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် ခြုံငုံသုံးသပ်ချက်၊ ဆေးယဉ်ပါးတီဘီနှင့် ပြင်းထန်ဆေးယဉ်ပါးတီဘီ (MDR နှင့် Pre-XDR) တို့ကို မိနစ် ၄၀ အတွင်း တစ်ပြိုင်နက်တည်း လျင်မြန်စွာ သိရှိနိုင်သည့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ မြန်မာနိုင်ငံရှိ အသည်းရောင်အသားဝါဘီပိုး၏ မျိုးရိုးဗီဇပြောင်းလဲမှုဆိုင်ရာမော်လီကျူးဇီဝဗေဒဆိုင်ရာဆက်စပ်မှုနှင့် ဗိုင်းရပ်တိုက်ဖျက်ရေးဆိုင်ရာတိုးတက်တွေ့ရှိချက်များ၊ ငှက်ဖျားဆေးယဉ်ပါးမှုကိုကျော်လွှားရန် အလားအလာရှိသော Ubiquitin-Proteasome စနစ်အား အဓိကထားသည့် နည်းဗျူဟာသစ်၊ မြန်မာနိုင်ငံတွင် တီဘီရောဂါ၊ ဗိုင်းရပ်အသည်းရောင်ရောဂါ၊ ငှက်ဖျားဆေးယဉ်ပါးမှုဆိုင်ရာသုတေသနတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပညာရှင်များကဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် သုတေသီများက မေးမြန်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

★ **ရှေ့ဖုံးမှအဆက်**

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွေကနေ ပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်တွေဟာ နိုင်ငံအတွက်ခေတ်နဲ့အညီသင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာ မူဝါဒတွေချမှတ်နိုင်ဖို့၊ ကျန်းမာရေးလုပ်ငန်းတွေ ပိုမိုထိရောက်အကျိုးရှိအောင်ဆောင်ရွက်နိုင်စေဖို့ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့ စတဲ့လုပ်ငန်းစဉ်ကြီးတွေဖော်ဆောင်ရာမှာ များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

**❖ မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့လိုအပ်၊ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်အောင်နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ပြီး အသိပညာပေးရမှာဖြစ်. . .**

**❖ တိုင်းရင်းဆေးပညာနဲ့ပတ်သက်ပြီးတော့လည်း လက်တွေ့အသုံးချသုတေသနတွေက တစ်ဆင့် ပြည်သူတွေ လက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်တွေ နိုင်ငံတကာကိုထိုးဖောက်နိုင်ဖို့အတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်. . .**

**❖ ကျွန်တော်တို့နိုင်ငံမှာ အရာရာကိုလေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်ကြဖို့ လိုအပ်. . .**

ယခု (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ ဆောင်ပုဒ် (Congress Theme) က **“ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ စဉ်ဆက်မပြတ်ဖော်ထုတ်ဖြေရှင်းကြပါစို့ – Moving forward to a healthy lifestyle and addressing health risk behaviors”** ဖြစ်တယ်လို့ သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ မကူးစက်တတ်တဲ့ရောဂါတွေရဲ့ အရေးကြီးလာပုံကို မီးမောင်းထိုးပြနိုင်ဖို့ ရည်ရွယ်ပြီး ညီလာခံဆောင်ပုဒ်ကို ရွေးချယ်ခဲ့တာလို့လည်း သိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အခြားဝန်ကြီးဌာနအသီးသီးနဲ့ပူးပေါင်းပြီး ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ချိန်မှာ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့တာကိုတွေ့ရှိရပါတယ်။ ယခုအချိန်မှာ ထပ်မံဦးမော့လာနိုင်တဲ့ မကူးစက်တတ်တဲ့ရောဂါတွေကိုထိန်းချုပ်နိုင်ဖို့ ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနဲ့ ဆေးသုတေသနဦးစီးဌာနတို့ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ မကူးစက်တတ်တဲ့ရောဂါတွေရဲ့ ဖြစ်ပွားနိုင်ခြေကို **“စစ်တမ်းကောက်လေ့လာခြင်းသုတေသန – ၂၀၂၄”** ကို **(STEP SURVEY)** နဲ့ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

အထူးသဖြင့် မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်အောင်နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ပြီး အသိပညာပေးရမှာဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာနဲ့ပတ်သက်ပြီးတော့လည်း လက်တွေ့အသုံးချသုတေသနတွေကတစ်ဆင့် ပြည်သူတွေ လက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်တွေ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့အတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

တိကျမှန်ကန်တဲ့ သုတေသနရလဒ်တွေအပေါ်မူတည်ပြီး ကျန်းမာရေးစီမံချက်တွေကို ချမှတ်ဆုံးဖြတ်ရခြင်းနဲ့ ရလဒ်အခြေပြုမူဝါဒများရေးဆွဲခြင်းတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့်သုတေသနတွေကိုဆောင်ရွက်နေကြတဲ့ သုတေသီများ



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နေ့လယ်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ကျောက်ဆည်မြို့နယ် ကုန်းကြီးကျေးရွာ၌ စိုက်ပျိုးထားသော ကြက်သွန်နီမျိုးစေ့ထုတ်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနေပြီး တောင်သူများမျိုးစေ့များပြန်လည်စိုက်ပျိုးရောင်းချရာတွင် ဝင်ငွေရရှိစေမည်

ကျောက်ဆည် ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကုန်းကြီးကျေးရွာမှ တောင်သူ ဦးတင်လင်း စိုက်ပျိုးထားသော ကြက်သွန်နီမျိုးစေ့ထုတ် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒေသခံတောင်သူများ ကြက်သွန်နီမျိုးစေ့များ ပြန်လည်စိုက်ပျိုးရောင်းချရတွင် မိသားစုဝင်ငွေရရှိစေမည်ဖြစ်ကြောင်းသိရသည်။

ကြက်သွန်နီမျိုးစေ့ထုတ် စိုက်ခင်းစိုက်ပျိုးရာတွင် အပင်ပွားနည်းသည့် မျိုးဥများကို စိစစ်ရွေးချယ်ပြီး စိုက်ပျိုးကြကြောင်း၊ အပင်ပွားများသည့် ကြက်သွန်မျိုးဥများစိုက်ပျိုးမိပါက ကြက်သွန်တစ်ဥမှ ပန်းပွင့်အများအပြားထွက်ရှိပြီး အောင်မြင်သည့် မျိုးစေ့ထွက်ရှိမှုနည်းပါးကြောင်း၊ ကြက်သွန်တစ်ဥမှ ပန်းတံတစ်တံထွက်ရှိ၍ ပန်းတစ်ပွင့်ပွင့်မှသာ အမြစ်မှပို့လွှတ်သည့် အာဟာရများပြည့်ဝစွာရရှိကာ အောင်မြင်သည့်မျိုးစေ့များရရှိနိုင်ပြီး မျိုးရွေးချယ်မှုသည် အရေးကြီးကြောင်း ကြက်သွန်နီမျိုးစေ့ထုတ် စိုက်ပျိုးရောင်းချသည့်တောင်သူများထံမှ သိရသည်။

ကြက်သွန်နီမျိုးစေ့ထုတ်စိုက်ခင်းများကို ရာသီဥတုနှင့် မြေအနေအထားအရ နတ်တော်လနှင့် ပြာသိုလတို့တွင်စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး ရက်ပေါင်း ၂၀ ကျော်ပါက ကြက်သွန်အဖူးများ စတင်ထွက်ရှိလာကာ အောင်မြင်သန်မာသည့် ပန်းပွင့်များရရှိရေး ပေါင်းမြက်နုတ်ပယ်ရှင်းလင်းခြင်း၊ မြေဆွခြင်း၊ အပင်အားတိုးဆေးနှင့် ဝတ်မှုန်ကူးချိန်တွင် ပျားမွေးမြူရေးပုံးများချထားပေးခြင်းဖြင့် အောင်မြင်သည့်မျိုးစေ့များပိုမိုထွက်ရှိနိုင်ကြောင်း သိရသည်။

တပေါင်းလနှင့်တန်ခူးလတို့တွင်ကြက်သွန်ပန်းပွင့်များခူးဆွတ်ကာ အောင်မြင်သည့်မျိုးစေ့များရရှိစေရန် အပွင့်များကိုနေလှန်း၍ အစေ့ထုတ်ယူပြီး မျိုးစေ့ဖျက်ပိုးများကျရောက်မှုမရှိစေရေး စနစ်တကျသိမ်းဆည်းကာ ရောင်းချကြခြင်းဖြစ်ရာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ခြင်းမှ ဒေသခံတောင်သူများအနေဖြင့် ဝင်ငွေရရှိလာစေမည်ဖြစ်ကြောင်းသိရသည်။

**သက်မောင်(ကျောက်ဆည်)**



❖ ကျန်းမာရေးသုတေသနလုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ ပြည်သူ့အကျိုးကိုရှေးရှုပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး၊ အခြေခံကျန်းမာရေးကောင်းမွန်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်စားသောက်ရေး၊ ကူးစက်ရောဂါများနဲ့ မကူးစက်တတ်တဲ့ရောဂါများရဲ့ ဖြစ်ပွားတတ်တဲ့သဘောသဘာဝကို သိရှိပြီး ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် လက်တွေ့အသုံးချသုတေသနများ၊ တိုင်းရင်းဆေးပညာဆိုင်ရာသုတေသနများ၊ နိုင်ငံတကာနဲ့သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်. . .

❖ ပြည်သူတွေအနေနဲ့ ပြည်သူ့ဆေးရုံတွေမှာ တက်ရောက်ကုသမှုခံယူတဲ့အခါမှာ စိတ်ချမ်းသာရေး၊ လူနာဘေးကင်းလုံခြုံစိတ်ချရေးနဲ့ အရည်အသွေးပြည့်ဝတဲ့ကုသစောင့်ရှောက်မှုများပေးအပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာနဲ့ ဆေးရုံစီမံအုပ်ချုပ်မှုဆိုင်ရာ လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်. . .

ကိုယ်တိုင်ကလည်း မိမိတို့ရဲ့ သုတေသနရလဒ်တွေရဲ့ အရေးပါပုံကို သေချာစွာသိရှိနားလည်ပြီး သုတေသနကျင့်ဝတ်တွေကို တိကျစွာလိုက်နာဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာလည်း အမြဲမပြတ်သတိပြုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အရာရာကိုလေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်ရှိတဲ့လူငယ်လူရွယ်တွေ ပညာရှင်တွေများစွာပေါ်ထွက်လာအောင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုးကျင့်ဝတ်နဲ့အညီ သုတေသနပြုလိုစိတ်ရှိတဲ့ပုဂ္ဂိုလ်တွေ မိမိတို့နိုင်ငံမှာ များစွာပေါ်ပေါက်လာပြီး သုတေသနဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်တစ်ခု တိုးတက်ဖြစ်ထွန်းရှင်သန်လာစေဖို့ ဆောင်ရွက်ရာမှာ သုတေသနဆိုင်ရာအကြံပေးအဖွဲ့များကိုလည်း စနစ်တကျပြန်လည်ဖွဲ့စည်းခြင်း၊ သုတေသနကျင့်ဝတ်ဆိုင်ရာဘုတ်အဖွဲ့များကိုလည်း လိုအပ်သလိုတိုးမြှင့်ဖွဲ့စည်းခြင်းတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယခုညီလာခံကြီးကို ပေးပို့လာတဲ့သုတေသနစာတမ်းတွေကို ညီလာခံမှာတင်သွင်းဖတ်ကြားနိုင်ဖို့ စာတမ်းကြီးကြပ်ရေး ဆပ်ကော်မတီက အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနဲ့ကျန်းမာရေးစနစ် သုတေသနစာတမ်းဆိုပြီး စနစ်တကျ အမျိုးအစားခွဲခြားသတ်မှတ်စိစစ်ရွေးချယ်ဆောင်ရွက်ထားကြောင်းနဲ့ သုတေသနစာတမ်း (၅၄)စောင်နဲ့ ပိုစတာ (၄၃)စောင်ကိုဖတ်ကြားပြသဖို့ စီစဉ်ဆောင်ရွက်ထားတာကို သိရှိရပါတယ်။

ဒီညီလာခံကိုတင်သွင်းလာတဲ့ စာတမ်းနဲ့ပိုစတာတွေထဲက အကောင်းဆုံးစာတမ်းနဲ့ပိုစတာတွေကို ဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်အမှတ်ပေးရွေးချယ်ပြီး ဆုများထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ဂုဏ်ပြုဖို့အစီအစဉ်များရှိကြောင်း သိရှိရပါတယ်။

**နိဂုံးချုပ်အနေနဲ့ -**

- ကျန်းမာရေးသုတေသနလုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ ပြည်သူ့အကျိုးကိုရှေးရှုပြီး ပြည်သူတွေရဲ့ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုမြင့်မားလာစေရေး၊ အခြေခံကျန်းမာရေးကောင်းမွန်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်စားသောက်ရေး၊ ကူးစက်ရောဂါများနဲ့ မကူးစက်တတ်တဲ့ရောဂါများရဲ့ ဖြစ်ပွားတတ်တဲ့သဘောသဘာဝကိုသိရှိပြီး ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက်လက်တွေ့အသုံးချသုတေသနများ၊တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနများ၊ နိုင်ငံတကာနဲ့ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားကြပါ။
- သုတေသနတွေက တွေ့ရှိရတဲ့အချက်အလက်များကိုလည်း ယခုလိုညီလာခံများကျင်းပခြင်း၊ သုတေသနဂျာနယ်များ၊ စာစောင်များထုတ်ဝေခြင်းစတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ သတိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြပါ။
- အလားတူပြည်သူတွေအနေနဲ့ပြည်သူ့ဆေးရုံတွေမှာ တက်ရောက်ကုသမှုခံယူတဲ့အခါမှာ စိတ်ချမ်းသာရေး၊ လူနာဘေးကင်းလုံခြုံစိတ်ချရေးနဲ့ အရည်အသွေးပြည့်ဝတဲ့ ကုသစောင့်ရှောက်မှုများပေးအပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာနဲ့ ဆေးရုံစီမံအုပ်ချုပ်မှုဆိုင်ရာ လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးကြပါ။
- ကျန်းမာရေးသုတေသနလုပ်ငန်းတွေကတစ်ဆင့် မိမိတို့နိုင်ငံနဲ့ သင့်တော်မယ့် ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရေး၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အားလုံးကိုယ်စီရရှိနိုင်ရေးနဲ့ မိမိတို့နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းပိုမိုမြင့်မားလာစေရေးအတွက် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ငရုတ်ကောင်းမြို့၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းမြေပဲ ၁၆၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေမည်ဖြစ်ပြီး ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကိုအထောက်အကူပြုမည်ဖြစ်

ငရုတ်ကောင်း ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းမြေပဲ ၁၆၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေမည်ဖြစ်ပြီး ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းထံမှသိရသည်။

ငရုတ်ကောင်းမြို့၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းမြေပဲ လျာထားဧက ၁၆၄၈ ဧကကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ပြီး လက်ရှိတွင် ဧကအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ရာ အဆိုပါမြေပဲများအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ငရုတ်ကောင်းမြို့က တောင်သူတွေက စပါးအပြင် ဆီထွက်သီးနှံတွေကိုလည်း စိုက်ပျိုးကြပါတယ်။ ဒီဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၁၆၄၈ ဧကလျာထားစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ မြေပဲအပါအဝင် ဆောင်းသီးနှံတွေစိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ဦးဆန်းဝင်းကပြောသည်။

ငရုတ်ကောင်းမြို့၌ ဆောင်းမြေပဲအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် တခြားလိုအပ်သည့်အကူအညီများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆက်စပ်ဌာနများ ချိတ်ဆက်ပံ့ပိုးကူညီပေးလျက်ရှိသည်။

အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများကို ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးဆီဖူလုံလာမည်ဖြစ်သကဲ့သို့ စားသုံးဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်



# မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲဧက ၅၉၈၃၀ စိုက်ပျိုးပြီးစီးနေပြီး လျာထားချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိ

မအူပင် ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲဧက ၅၉၈၃၀ စိုက်ပျိုးပြီးစီးနေပြီး လျာထားချက်ပြည့်မီရေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှသိရသည်။

မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲလျာထားဧက ၆၁၁၈၈ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ မတ်ပဲဧက ၅၉၈၃၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း၊ မတ်ပဲများလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှစိုက်ပျိုးရေးနည်းပညာများနှင့်တခြားလိုအပ်သည့်ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးသည်။

"မအူပင်မြို့နယ်အနေနဲ့ ဆောင်းသီးနှံမတ်ပဲတွေကို စိုက်ပျိုးနေပါတယ်။ မတ်ပဲ ၆၁၁၈၈ ဧက လျာထားစိုက်ပျိုးရာမှာလက်ရှိဧက ၅၉၈၃၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲအပါအဝင် ဆောင်းသီးနှံတွေအားလုံးစိုက်ပျိုးနိုင်ဖို့အတွက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့နည်းပညာတွေနဲ့ သွင်းအားစုတွေကို ပံ့ပိုးကူညီပေးထားပါတယ်" ဟု ဦးဇော်မင်းထွန်းကပြောသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်သည်။

အဆိုပါမတ်ပဲများ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ သီးနှံများဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်အဖွဲ့အစည်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သုတကျော်**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# A video message sent by State Administration Council Chairman Prime Minister Senior General Min Aung Hlaing to the opening ceremony of the 53rd Myanmar Health Research Congress

## (20 January 2025)



Senior General Min Aung Hlaing delivers a speech.

**Everybody, Mingalaba!**

First of all, I would like to extend my greetings and best wishes to all the distinguished guests attending today's **"53rd Myanmar Health Research Congress,"** wishing you all peace of mind, good health, and prosperity in every aspect.

The Myanmar Health Research Congress has been held for 53 times to conduct health research of Myanmar keeping abreast of other countries.

The first congress was successfully held in 1965. During the early years of the congress, only research papers were submitted. However, starting from the health research congress held in 1991, research poster exhibitions were introduced. From the 2002 congress onwards, subject-wise seminars were also incorporated, making the congresses more impactful and extensive.

Research findings based on solid and reliable results emerging from health-related research congresses are instrumental in formulating modern and appropriate health policies for the nation. They also play a significant role in enhancing the effectiveness of healthcare initiatives, ensuring accessible and quality healthcare for everyone, and driving large-scale processes aimed at improving overall public health outcomes.

The theme for the 53rd Myanmar Health Research Congress is reported to be: **"Moving forward to a healthy lifestyle and addressing health risk behaviors."** It aims to shed light on the growing significance of non-communicable diseases in the current context.

The Ministry of Health, in collaboration with relevant ministries, effectively implemented measures to prevent, control, and treat diseases during the COVID-19 pandemic. Currently, with the aim of controlling the rise of non-communicable diseases, the World Health Organization (WHO) is working together with the Department of Public Health, the Department of Medical Services, the Department of Human Resources for Health, and the Department of Medical Research under the Ministry of Health. They are conducting the **"STEP Survey 2024,"** a study to assess the prevalence of non-communicable diseases in Myanmar.

Especially, it is essential for our people to maintain good basic health and live long, healthy, and resilient lives. To achieve this, it is necessary to promote the selection and consumption of nutritious and health-conscious foods, as well as to encourage health-conscious lifestyles and behaviors. This involves advancing practical health research related to these areas, widely disseminating the findings to the public, and providing knowledge to raise awareness.

Regarding traditional medicine, it is essential to collaborate with senior traditional medicine practitioners and the Department of Traditional Medicine to conduct practical research. This will ensure tangible benefits for the public, strengthen the foundation of our country's traditional medical practices, and enable traditional medicine products to penetrate the international market by generating more reliable and robust research-based data.

It is essential to make decisions and formulate health policies based on accurate and reliable research findings. Therefore, researchers conducting these studies must fully understand the significance of their findings and consistently adhere to research ethics. This awareness and commitment are crucial at all times.

In our country, it is essential to foster a mindset of thoroughly exploring, studying, and conducting research before undertaking any activities. This means encouraging the emergence of young people and intellectuals with a passion for research. We need to take action to ensure the development of individuals who are committed to research in accordance with ethical standards. To achieve this, efforts should be made to establish a thriving research culture in the country, with numerous researchers emerging. This includes systematically reorganizing research advisory committees and enhancing the structure of research ethics boards as needed. Such measures are necessary to promote the growth and sustainability of a research-oriented culture.

The organizing committee for the congress has categorized the research papers submitted into three systematic categories: fundamental research papers, applied research papers, and papers on social and healthcare systems. The committee has reviewed and selected these submissions to ensure they are suitable for presentation during the congress. It has been plann-ed to present 54 research papers and display 43 posters as part of the event.

It is known that the award selection committee has reviewed and chosen the best papers and posters from those submitted to this conference, and there are plans to present awards to recognize and honor them appropriately.

In conclusion, I would like to express my best wishes for success in these efforts to conduct research.

- When conducting health research, prioritize the public's benefit by improving the overall health standards of the people. Focus on basic healthcare improvement, promoting healthy living and nutrition, understanding the nature of communicable and non-communicable diseases, and taking proactive measures for prevention. Increase practical research, traditional medicine studies, and international research collaborations to advance these goals.
- The research findings should also be shared with the public in a timely manner through activities such as organizing congresses, publishing research journals, and releasing magazines, in order to inform and alert the public accordingly.
- Similarly, when the public attends and receives treatment at people's hospitals, efforts should be made to ensure the provision of care that guarantees mental well-being, patient safety, and high-quality medical services. Practical research activities related to medical treatment and hospital management should be enhanced to achieve these objectives.
- Through health research activities, may we be able to adopt health policies suitable for our country, ensure that everyone has access to high-quality healthcare, and work towards improving the level of healthcare in our country.

Thank you, all.

▶▶ From Page - 21

1,149 foreigners to Vietnam, 19 foreigners to Philippines, 142 foreigners to Malaysia, 21 foreigners to China(Taipei), two foreigners to Singapore, one foreigner to Poland, one foreigner to Spain, 13 foreigners to Russia, 38 foreigners to Indonesia, three foreigners to Uganda, two foreigners to Egypt, three foreigners to Cambodia, 96 foreigners to India, 13 foreigners to Morocco, 29 foreigners to Ethiopia, 26 foreigners to Nepal, three foreigners to Pakistan, two foreigners to Northern Ireland, one foreigner to Kazakhstan, two foreigners to Kenya, 60 foreigners to Sri Lanka, one foreigner to South Africa, one foreigner to China-Hong Kong, two foreigners to Sierra Leone, one foreigner to Ghana, one foreigner to Burundi and one foreigner to Turkmenistan while further investigations are still underway.

The government has formed committees to take measures effectively to investigate foreigners who were arrested for illegally entering Myanmar in accordance with the law, to take legal action and file charges against them and to expel them to relevant countries as soon as possible while actively cooperating with respective countries to hand over foreigners who are in trouble due to various reasons and foreign victims of human trafficking to relevant countries as soon as possible.

From 2022 to 19 January, 2025, the government received requests to help find 4,176 foreign citizens (3,415 males and 761 females) from 38 countries from Asia including members of the ASEAN, Europe, China and South Africa through diplomatic and INTERPOL and police communication channels. Up to 19 January, 2025, a total of 1,292 foreign citizens including 958 males and 334 females were exposed and 1,284 of them were expelled and handed over to relevant countries in accordance with rules and regulations while other eight foreign citizens including five Vietnamese, one Pakistani and two Chinese are still left to be handed over. Investigations are being conducted consistently for the remaining 2,884 foreign citizens and information is shared in real time to relevant embassies and countries when something unusual takes place. Under the Myanmar-China cooperation, online scam centers were cracked down twice in Muse in Shan State (North). The first crackdown was carried out between 28 and 31 March, 2024 while the second one was conducted between 23 and 26 September, 2024.

Those who are involved in online scams and gambling are not ordinary people and they are fugitives who committed crimes in their relevant countries and lead gambling operations. According to press releases of the Information Team of the SAC, it was learnt that **"Chinese people do not cheat Myanmar people and the latter do not cheat the former. As a group of fugitives who committed crimes and ran away from their countries are scamming the both countries, they and those who provide protection to them will be exposed and action will be taken against them."**

Therefore, as those who commit online scams and gambling target areas, where **law enforcement and administrative authorities face difficulties and limits to fully control due to regional instability, in cooperation with self-interests seekers from armed groups and related areas including some ethnic NCA signatories,** the government has been exposing and taking action against them resolutely in cooperation with international organizations. Regional organizations and citizens are urged to cooperate in combating online scams and gambling as a national duty by reporting information about online scams to relevant authorities when such information is received.

**100**

# Maize, corns harvested in Kanbalu Township

KANBALU January 20

The statistics of Kanbalu Township Agriculture Department mentioned that a total of 89,464 acres of maize and corn plantations have been harvested in Kanbalu Township of Sagaing Region.

Local farmers planted 89,464 acres of maize and corn plantations in monsoon this year. They started harvesting of crops in August. So far, they have reaped 88,931 acres of maize yielding 57.38 baskets per acre and 533 acres of corns yielding 15,000 pieces of corns.

U Myo Zaw, Head of Kanbalu Township Agriculture Department said: "Local farmers planted 89,464 acres of maize and corns in monsoon in Kanbalu Township. Now, they are harvesting the crops. Our department raises farmer awareness to ensure thriving of the crops plantations, prevent pests and boost per-acre yield."

The township Agriculture Department conducts training courses for local farmers and agricultural staff in order to enhance their capacity for growing maize and corns, urging farmers to prevent pests and FAW and use traditional pesticides.

Farmers need to cost more than Ks-500,000 each per acre of maize and corns. **SK**

# Cultivation of sunflower finishes on more than 1,300 acres of croplands in Mingin Township

MINGIN January 20

Statistics of Mingin Township Agriculture Department stated that a total of 1,327 acres of sunflower has been planted as cold season crops in Mingin Township of Sagaing Region.

Local farmers started cultivation of sunflower on 1,327 acres of land in October this year, against the target of 16,335 acres of sunflower in 2024-2025 cold season.

Daw Hayman Kyaw Kyaw, Head of Mingin Township Agriculture Department said: "Local authorities earmarked cultivation of more than 10,000 acres of sunflower in Mingin Township this cold season but farmers have so far planted more than 1,000 acres of crops against the target cultivation. They are trying hard to meet the target cultivation with the aim of reducing import of cooking oil abroad. So, they are striving to expand sown acreage of sunflower. Yield of oil from sunflower is larger than groundnut and sesame. Farmers prefer to grow sunflower in winter."

Mingin Township Department of Agriculture conducts training courses for local farmers and agricultural staff to enhance their capacity so as to grow sunflower.

This year, officials of the Township Department arrange to provide quality strains of crops and urea fertilizers at fair prices to local farmers.

**SMK**

# Green gram planted in monsoon reaped in Monywa Township

MONYWA January 20

Monywa Township Agriculture Department of Sagaing Region mentioned that a total of 10,872 acres of green gram has been harvested in the township.

Local farmers planted 10,872 acres of green gram in monsoon. They started harvest of crops in August. So far, they have reaped 672 acres of pre-monsoon green gram, yielding 16.50 baskets per acre and 10,300 acres of monsoon green gram, producing 10.16 baskets per acre.

U Soe Thet Aung, Head of Monywa Township Agriculture Department, commented: "A total of 10,872 acres of croplands has been placed under green gram. So far, local farmers have harvested all sown acreage. They exceeded cultivation of green gram more than the target cultivation. We urged local farmers to expand sown acreage of green gram with provision of quality strains of crops."

This year, officials of the Township Agriculture Department assisted in use of quality strains of crops, applying agricultural techniques and prevention of pests and systematic broadcasting of fertilizers to boost per-acre yield of crops.

Township authorities provided quality seeds, agricultural inputs and post-harvest technology to local farmers.

**SK**

# Maubin Township plans to grow more than 2,000 acres of chilli this winter

MAUBIN January 20

A plan is underway to grow 2,163 acres of chilli in Maubin Township of Ayeyawady Region this cold season, said U Zaw Min Tun, Head of Maubin Township Agriculture Department.

This year, officials of the Township Agriculture Department make field trips to inspect thriving plantations and provide assistance for local farmers to meet the target cultivation of crops.

U Zaw Min Tun, Head of Maubin Township Agriculture Department, disclosed: "Local farmers will grow more than 2,100 acres of chilli in Maubin Township this cold season. We will assist local farmers in selecting quality strains of crops to meet the target cultivation."

Officials of Township Agriculture Department will cooperate with farmers in growing chilli without difficulties, using quality strains of crops, boosting per-acre yield of crops and preventing pests.

**SMK**

# Russia's floating Arctic nuclear power plant hits milestone



Russia's floating Arctic nuclear power plant hits milestone.

MOSCOW January 20

The world's only operational floating nuclear power plant, The Akademik Lomonosov, has reached a milestone by generating over one billion kilowatt-hours (kWh) of electricity, Russian state nuclear corporation Rosatom has revealed. This is enough energy to "make a double espresso for everyone on earth," it added.

The floating plant, located in the Chukotka Autonomous Area in the Russian Far East, is the world's northernmost heat and electricity-producing unit. It supplies more than 60 percent of the region's energy needs, Rosatom said in a statement on Thursday.

The Akademik Lomonosov is based on technology used in Russian nuclear icebreakers and is fueled by low-enriched uranium. It was designed to supply power to large industrial sites and port cities located in remote areas of the Arctic and Far East.

Measuring 144 meters in length and 30 meters in width, the vessel's capacity is enough to provide electricity to roughly 100,000 people.

The floating plant currently serves a population of 5,000. It also supports operations in a local copper and gold mine and is used for desalinating water.

Equipped with two reactors, each generating 35 megawatts of electricity, the Akademik Lomonosov began commercial operations in May 2020 and has consistently exceeded state power generation targets. Rosatom credits its success to effective planning and coordinated efforts by on-site and rotating personnel.

Russia's nuclear energy giant is exploring the construction of four new floating nuclear power plants, each with a capacity of 100 megawatts-electric (MWe) and a lifespan exceeding 60 years.

**RT**

# Israel releases first 90 palestinian prisoners in exchange for hostages

JERUSALEM January 20

Israel has released the first 90 Palestinian women prisoners under an agreement with Palestinian movement Hamas in exchange for the release of three hostages from the Gaza Strip, Israel newspaper reported, citing the Israel Prisons Authority.

The day before, Egypt's state news service reported that Israel would soon release 90 Palestinian prisoners in exchange for the release of three Israeli hostages by Hamas. Al-Qassam Brigades (the military wing of Hamas) earlier said they had decided to release the three hostages on Sunday as part of a deal with Israel.

The Israeli army later reported that the International Committee of the Red Cross (ICRC) had handed over the hostages to the Israeli military, after which the girls arrived in Israel. They later arrived at a first reception center, where they were reunited with some of their relatives, and then they went to Israel's Sheba Hospital.

**Sputnik**

# China launches five new satellites

JIUQUAN January 20

China on Monday launched a CERES-1 carrier rocket with five satellites onboard.

The rocket blasted off at 6:11 p.m. (Beijing Time) from the Jiuquan Satellite Launch Center in northwest China and sent a group of satellites, including the Yunyao-1 37-40 and JTX-A-05 models, into their planned orbits.

The four satellites, Yunyao-1 37-40, are all equipped with the Global Navigation Satellite System (GNSS) occultation payload, which can obtain information on atmospheric temperature, humidity, pressure and ionospheric electron density.

The JTX-A-05 satellite is equipped with a hyperspectral camera payload to acquire remote sensing images, which can be used in many fields such as ecological environment surveillance, agricultural monitoring, mineral exploration, forest management and urban planning.

According to Galactic Energy, the rocket developer in the private sector, CERES-1 has successfully completed 16 launches so far, sending 63 satellites into preset orbits -- making it a leading commercial launch vehicle in the private sector of China's space industry with the largest number of launches and the highest success rate.

**Xinhua**



A CERES-1 carrier rocket carrying five satellites blasts off from the Jiuquan Satellite Launch Center in northwest China on January 20, 2025.

# 8 dead in Serbian nursing home fire, arson suspected

BELGRADE January 20

Eight people lost their lives in a devastating fire early Monday morning at a nursing home in Belgrade's suburb settlement of Barajevo, with police suspecting the tragedy was caused by criminal activity.

"Emergency services reacted quickly and efficiently, but the fire had already spread extensively. Unfortunately, eight lives were lost," Nemanja Starovic, minister for Labor, Employment, Veterans, and Social Affairs, told Serbia's Tanjug News Agency.

Rescuers safely evacuated 13 people from the burning building, while seven sustained injuries and received medical care.

Starovic stated that initial findings point to the possibility of a criminal act. "The investigation is ongoing, and I expect the prosecution to provide official information later today," he added.

The fire erupted at approximately 3:30 a.m. (0230 GMT), with media outlets reporting that around 30 residents were in the building at the time.

Firefighters extinguished the blaze after deploying many personnel and vehicles, while emergency medical teams provided on-site assistance.

**Xinhua**

# Donald Trump's inauguration

WASHINGTON, D.C January 20

The four-day celebration of President-elect Donald Trump's inauguration will culminate Monday with his swearing-in ceremony.

Donald Trump will take the oath of office at noon local time (17:00 GMT). The president-elect will use two Bibles during the ceremony: one given to him by his family in 1955, and the other, the Bible on which Abraham Lincoln was sworn in back in 1861.

Due to cold weather, the inauguration has been moved indoors to the Capitol, a rare occurrence last seen in 1985; the event typically takes place outside.

Following the swearing-in ceremony, there will be a farewell to the outgoing administration, including former President Joe Biden and Vice President Kamala Harris.

Afterward, Trump will sign his first executive orders and nominations, and engage with congressional leaders. The day will also feature a small review of troops and a parade in honor of the new president. Finally, Trump will return to the White House, where he will sign additional documents in the Oval Office.

The day will conclude with three events: the Commander in Chief Ball, the Liberty Ball, and the Starlight Ball, during which Trump will deliver a speech.

**Sputnik**

# News report on eliminating illegal online gambling at the border areas released

NAY PYI TAW January 20

Recently, illegal criminal activities including online gambling were occurring in Myawady-Shwe Kokko and KK Park areas in Kayin State.

A gambling project was set up in the Shwe Kokko area in 2016 under the pretext of establishing businesses for regional economic development. Later it stopped due to media reports and news about the existence of illegal businesses. Because of the various armed groups active in the areas and the difficulties and limits for rule enforcement teams and administrative bodies to fully control and govern the areas, they were unstable and in the adjoining areas self-seekers, taking the situation as an advantage, were committing crimes including online gambling.

**These areas were receiving electricity and internet connection, the basic requirement for online gambling, not from Myanmar, but from the other country,** and **most of the infrastructures and investments were provided by foreign organizations**. Online scammers started their online frauds and gambling in Philippines and Cambodia in about 2015 and entered Myanmar after 2019.

News about the transfer of a Chinese citizen, Mr. Wang Xing (film actor), who went missing at Thai-Myanmar (Maesot-Myawady), border back to Thailand by related organizations through inter connections. According to verifications, a Chinese citizen connected Mr. Wang Xing through WeChat of a Thai based art company, GMM Grammy, and organized him to work as an actor in Thailand. Hence, Mr. Wang Xing arrived in Suvarnabhumi International Airport from Shanghai, China, on 3 January by air. Later, he arrived at a place on the bank of Thaungyin River (on Thai side) near Maekonkan Village, Maesot, Tak Province from Bangkok. He was then taken to Myawady-Shwe Kokko area (Myanmar side) by boat.

He was sent to a building and was trained to be skilled in computer typing. There were about ten Chinese citizens in the building. He was sent to a second building where his head was shaven and ordered to do online scamming. It was an online scamming place and there were about 50 Chinese citizens. Later, he contacted his family. **Organizations from the areas he was involved in transferred him to Thailand, which he entered illegally, through No 34 gate, Vansakhiranthaink village, ward 7, Thasaunglot Township, Maesot, Tak Province** on 7 January. He was then transferred back to China at the Bangkok center to protect victims of human trafficking (Donmaung Center) on 10 January evening.

Moreover, three persons including a Chinese citizen, Mr. Cheng Xiao Ning, were found near a bridge on Friendship Road in Ward 5. According to them, they illegally entered Myanmar from Thailand through various connections in 2022-2023. They were involved in an online scamming business and later they ran away from the place as they were not paid.

Similarly, two illegal Chinese immigrants, Mr. Yin Jie and Mr. Huang Xiang, were found near Natshinnaung traffic lights, Bayintnaung road, Ward 4, Myawady. According to them, they illegally entered Myanmar through Maesot, Thailand in 2023.

Basically, the online scamming business needs electricity, internet connection, arms and ammunition and buildings, and the scammers got them through other countries. The scammers were not from Myanmar and they were foreigners who sneaked into it via some neighbouring countries. The eradication of online scamming and gambling calls for collective and positive involvement of neighbours.



Mr. Wang Xing (film actor), who was forced to work for an online scamming business, seen together with Thai officials.




Foreigners who entered Myanmar illegally and involved in online gambling are transferred back to their own country.



Foreigners who entered Myanmar illegally are being handed over to authorities of relevant countries.

The government of Myanmar is prioritizing the prevalence of State peace and stability and the rule of law. But taking the current situation in some border areas as an opportunity, some foreigners with the involvement of self-seekers from related sectors including EAOs are extending online gambling. So, the government is paying serious attention to exposing the illegal business and transferring the victims to their countries.

Investigations were conducted to expose foreigners who illegally entered Myanmar and it was found that most of them illegally entered Myanmar territory to work for their personal interests by using neighbouring countries including Thailand as transits. However, although they were illegal migrants, **the government has conducted investigations in accordance with the law and handed them over to their respective countries out of considerations for humanitarian causes and friendship between countries.** When foreigners who were committing online frauds and online gambling by illegally entering the country were uncovered and the illegal migrants who were exposed in border areas such as Laukkai, Muse, Tachilek and Myawady and other border areas were handed over to their relevant countries. From 5 October, 2023 to 13 January, 2025, a total of 55,711 foreigners were handed over to their respective countries including 53,388 foreigners to China, 648 foreigners to Thailand, 20 foreigners to Korea, 22 foreigners to Laos,

**See Page - 19►►**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

❑ **ကျောဖုံးမှအဆက်**

လက်နက်ကိုင်အဖွဲ့ပေါင်းစုံလှုပ်ရှားနေထိုင်လျက်ရှိခြင်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များရှိခြင်းတို့ကြောင့် နယ်မြေဒေသမတည်ငြိမ်မှုများဖြစ်ပေါ်လျက်ရှိသကဲ့သို့ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများအနေဖြင့် အခွင့်ကောင်းရယူကာ အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများကို ကျူးလွန်နေခြင်းဖြစ်သည်။

ထို့အပြင် **၎င်းဒေသများ၌ Online လိမ်လည်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့်လျှပ်စစ်ဓာတ်အားနှင့် အင်တာနက်လိုင်းအဆက်အသွယ်ကိုမြန်မာနိုင်ငံအတွင်းမှရရှိခြင်းမဟုတ်ဘဲ တစ်ဖက်နိုင်ငံမှ တစ်ဆင့်ရယူနေခြင်းဖြစ်**ကြောင်းနှင့် **အခြေခံအဆောက်အဦများနှင့် ရင်းနှီးမြှုပ်နှံမှုအများစုသည်လည်း ပြည်ပအဖွဲ့အစည်းများမှ လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်**ကြောင်းကို တွေ့ရှိရသည်။

အဆိုပါ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများလုပ်ဆောင်နေကြသူများသည် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ၂၀၁၅ ခုနှစ်ခန့်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင်လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း၌ မြန်မာနိုင်ငံသို့ရောက်ရှိလုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

၎င်းဒေသ ထိုင်း - မြန်မာ(မဲဆောက်-မြဝတီ)နှစ်နိုင်ငံနယ်စပ်၌ ပျောက်ဆုံးသွားခဲ့သည့်တရုတ်နိုင်ငံသား Mr. Wang Xing (ရုပ်ရှင်သရုပ်ဆောင်)ကို ၎င်းနှင့်ဆက်စပ်သည့်အဖွဲ့အစည်းများက အချင်းချင်းချိတ်ဆက်၍ ထိုင်းနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် သတင်းကိုလည်း သတင်းမီဒီယာများ၌ ဖော်ပြခဲ့ကြသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စိစစ်ချက်များအရ Mr. Wang Xing ကို ထိုင်းနိုင်ငံအခြေစိုက် အနုပညာကုမ္ပဏီတစ်ခုဖြစ်သော GMM Grammy ၏ WeChat Account မှတစ်ဆင့် တရုတ်နိုင်ငံသားတစ်ဦးက ဆက်သွယ်လာပြီး ထိုင်းနိုင်ငံ၌ သရုပ်ဆောင်အဖြစ်လာရောက်လုပ်ကိုင်ရန် စည်းရုံးခဲ့သဖြင့် ဇန်နဝါရီလ ၃ ရက်နေ့တွင် တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့မှ ထိုင်းနိုင်ငံ၊ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လေကြောင်းခရီးဖြင့်ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ဘန်ကောက်မြို့မှတာ့ခ်ပြည်နယ်၊ မဲဆောက်မြို့၊ မဲ့ကွန်းကန်ရွာအနီးရှိ သောင်ရင်းမြစ်ကမ်း(ထိုင်းနိုင်ငံဘက်ခြမ်း)သို့ရောက်ရှိပြီးနောက် လှေဖြင့် မြန်မာနိုင်ငံဘက်ခြမ်း၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေသို့ ခေါ်ဆောင်ခြင်းခံခဲ့ရကြောင်း။

ထို့နောက် အဆောက်အဦတစ်ခုသို့ ပို့ဆောင်ခြင်းခံခဲ့ရပြီး ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်စေရန် ဦးစွာလေ့ကျင့်ပေးခဲ့ကြောင်းနှင့်ယင်းအဆောက်အဦ၌ တရုတ်နိုင်ငံသား ၁၀ ဦးခန့် တွေ့ရှိခဲ့ကြောင်း၊ ယင်းနောက် ဒုတိယအဆောက်အဦတစ်ခုသို့ဆက်လက်ရောက်ရှိခဲ့ပြီး ခေါင်းတုံးတုံးပေးခဲ့ကြောင်းနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်ရန် စေခိုင်းခြင်းခံခဲ့ရကြောင်း၊ အဆိုပါနေရာသည် Online လောင်းကစားလိမ်လည်သည့်နေရာဖြစ်ပြီး အဆောက်အဦအတွင်း တရုတ်နိုင်ငံသား ၅၀ ခန့်ရှိကြောင်း၊ ယင်းနောက် မိသားစုနှင့်အဆက်အသွယ်ရရှိခဲ့ပြီး ဇန်နဝါရီလ ၇ ရက်တွင် **အဆိုပါနယ်မြေအတွင်းရှိ၎င်းနှင့်ပတ်သက်ခဲ့သည့်အဖွဲ့အစည်းများက တာ့ခ်ပြည်နယ်၊ မဲဆောက်မြို့၊ ထဆောင်လွတ်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဝမ်သခီရန်သိုင့်ကျေးရွာရှိ အမှတ် (၃၄)ဂိတ်မှတစ်ဆင့် ၎င်းတရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့**ကြောင်း၊ ယင်းနောက် ညပိုင်းတွင် ဘန်ကောက်မြို့ရှိ လူကုန်ကူးခံရသူများစောင့်ရှောက်ရေးဌာန (ဒွန်မောင်းဂေဟာ)သို့ ၁၀ ရက်နေ့တွင် တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။


ထို့ပြင် အမှတ်(၅)ရပ်ကွက်၊ ချစ်ကြည်ရေးလမ်း၊ သံတံတားအနီးတွင် တရုတ်နိုင်ငံသား Mr. Cheng Xiao Ning ပါ ၃ ဦးအားတွေ့ရှိခဲ့သဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းတို့သည် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ချိတ်ဆက်မှုအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်ခြမ်းသို့ တရားမဝင်ဝင်ရောက်ခဲ့သူများဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းကို လုပ်ကိုင်နေကြရသူများဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် လစာရရှိခြင်းမရှိသဖြင့် ထွက်ပြေးလာသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ မြဝတီမြို့၊ အမှတ်(၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ နတ်သျှင်နောင်မီးပွိုင့်အနီး၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား Mr. Yin Jie နှင့် Mr. Huang Xiang တို့ ၂ ဦးအားတွေ့ရှိသဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းတို့သည် ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများပြုလုပ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိရန်၊ အင်တာနက်ဆက်သွယ်မှုရရှိရန်နှင့်တရားမဝင်လုပ်ငန်းအတွက် လက်နက်ခဲယမ်းများနှင့်အဆောက်အဦများရှိရန် အခြေခံလိုအပ်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ယင်းအခြေခံအချက်အလက်များကို တစ်ဖက်နိုင်ငံကိုအခြေခံ၍ ရယူသုံးစွဲနေခြင်းသာဖြစ်သည်။ လုပ်ငန်းလုပ်ဆောင်နေသူများအနေဖြင့်လည်း မြန်မာနိုင်ငံမှမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်

**စာမျက်နှာ ၂၃ သို့** ❑

တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများဖြစ်ပေါ်လျက်ရှိသည့် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေပြပုံ။




တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများဖြစ်ပေါ်လျက်ရှိသည့် KK Park နယ်မြေပြပုံ။






Online လိမ်လည်မှုလုပ်ကိုင်ရန် အဓမ္မစေခိုင်းခြင်းခံခဲ့ရသည့် တရုတ်နိုင်ငံသား Mr. Wang Xing (ရုပ်ရှင်သရုပ်ဆောင်)ကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့်တွေ့ရှိရစဉ်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး Online လောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများအလိုက် ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

❑ **စာမျက်နှာ ၂၂ မှအဆက်**

ဝင်ရောက်နေထိုင်၍ ရင်းနှီးလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများပင်ဖြစ်သည်။ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများပပျောက်ရန်အတွက်အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း အပြုသဘောဆောင်သည့်ပူးပေါင်းဆောင်ရွက်မှုများဖြင့် အတူတကွဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောနယ်စပ်ဒေသများ၏ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများ အပေါ်အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသားအချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ပါဝင်ပတ်သက်မှုများဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့်ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရသော်လည်း **နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့ကို တရားမဝင်ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိ**သည်။

တရားမဝင် ဝင်ရောက်နေထိုင်၍ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကျူးလွန်နေကြသည့်ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခဲ့ရာ နယ်စပ်ဒေသများဖြစ်သည့် လောက်ကိုင်၊ မူဆယ်၊ တာချီလိတ်၊ မြဝတီမြို့များ အပါအဝင် အခြားနယ်စပ်ဒေသများမှ ဖော်ထုတ်ရရှိသည့် တရားမဝင် ဝင်ရောက်နေသူများကို သက်ဆိုင်ရာနိုင်ငံအလိုက် ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်အထိ တရုတ်နိုင်ငံသို့ ၅၃၃၈၈ ဦး၊ ထိုင်းနိုင်ငံသို့ ၆၄၈ ဦး၊ ကိုရီးယားနိုင်ငံသို့ ၂၀ ဦး၊ လာအိုနိုင်ငံသို့ ၂၂ ဦး၊ ဗီယက်နမ်နိုင်ငံသို့ ၁၁၄၉ ဦး၊ ဖိလစ်ပိုင်နိုင်ငံသို့ ၁၉ ဦး၊ မလေးရှားနိုင်ငံသို့ ၁၄၂ ဦး၊ တရုတ်(တိုင်ပေ)သို့ ၂၁ ဦး၊ စင်ကာပူနိုင်ငံသို့ ၂ ဦး၊ ပိုလန်နိုင်ငံသို့ ၁ ဦး၊ စပိန်နိုင်ငံသို့ ၁ ဦး၊ ရုရှားနိုင်ငံသို့ ၁၃ ဦး၊ အင်ဒိုနီးရှားနိုင်ငံသို့ ၃၈ ဦး၊ ယူဂန်ဒါနိုင်ငံသို့ ၃ ဦး၊ အီဂျစ်နိုင်ငံသို့ ၂ ဦး၊ ကမ္ဘောဒီးယားနိုင်ငံသို့ ၃ ဦး၊ အိန္ဒိယနိုင်ငံသို့ ၉၆ ဦး၊ မော်ရိုကိုနိုင်ငံသို့ ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသို့ ၂၉ ဦး၊ နီပေါနိုင်ငံသို့ ၂၆ ဦး၊ ပါကစ္စတန်နိုင်ငံသို့ ၃ ဦး၊ မြောက်အိုင်ယာလန်နိုင်ငံသို့ ၂ ဦး၊ ကာဇက်စတန်နိုင်ငံသို့ ၁ ဦး၊ ကင်ညာနိုင်ငံသို့ ၂ ဦး၊ သီရိလင်္ကာနိုင်ငံသို့ ၆၀ ဦး၊ တောင်အာဖရိကနိုင်ငံသို့ ၁ ဦး၊ တရုတ်-ဟောင်ကောင်သို့ ၁ ဦး၊ ဆီရီယာလီယွန်နိုင်ငံသို့ ၂ ဦး၊ ဂါနာနိုင်ငံသို့ ၁ ဦး၊ ဘူရွန်ဒီနိုင်ငံသို့ ၁ ဦး၊ တာ့ခ်မင်နစ္စတန်နိုင်ငံသို့ ၁ ဦး၊ စုစုပေါင်း ၅၅၇၁၁ ဦးအား ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း စိစစ်ဖော်ထုတ်မှုများကိုဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့်နိုင်ငံခြားသားများကို ဥပဒေနှင့်အညီစိစစ်နိုင်ရန်၊ အမြန်ဆုံးတရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်နိုင်ရန်အတွက် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်အထိ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် အာရှ၊ ဥရောပ၊ တရုတ်နိုင်ငံနှင့် တောင်အာဖရိကဒေသရှိ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ၄၁၇၆ ဦး (အမျိုးသား ၃၄၁၅ ဦး၊ အမျိုးသမီး ၇၆၁ ဦး)ကို ကူညီစုံစမ်းရှာဖွေပေးရန် သံတမန်လမ်းကြောင်း၊ အင်တာပိုလ်ရဲဆက်သွယ်ရေး လမ်းကြောင်းနှင့် ရဲဆက်ဆံရေးလမ်းကြောင်းများမှတစ်ဆင့် အကြောင်းကြားသည့်စာများ လက်ခံရရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်အထိ အမျိုးသား ၉၅၈ ဦး၊ အမျိုးသမီး ၃၃၄ ဦး ပေါင်း ၁၂၉၂ ဦးကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သဖြင့် ၁၂၈၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းခဲ့ပြီးဖြစ်ကာ ဗီယက်နမ် ၅ ဦး၊ ပါကစ္စတန် ၁ ဦး၊ တရုတ် ၂ ဦးပေါင်း ၈ ဦး လွှဲရန် ကျန်ရှိကြောင်း၊ ကျန်ရှိသူ ၂၈၈၄ ဦးနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် စုံစမ်းရှာဖွေလျက်ရှိပြီး ထူးခြားမှုရှိပါက သက်ဆိုင်ရာသံရုံးနှင့်နိုင်ငံများသို့ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးလျက်ရှိသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းပြီး မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ Online Scam Center များကို တားဆီးနှိမ်နင်းမှု ၂ ကြိမ် ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ်ကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်မှ ၃၁ ရက်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ ၂၆ ရက်အတွင်း ဆောင်ရွက်ခဲ့သည်။

Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ပတ်သက်၍ လုပ်ဆောင်နေသူများသည် သာမန်လူများမဟုတ်ကြဘဲ သက်ဆိုင်ရာနိုင်ငံများ၌ ရာဇဝတ်မှုများဖြစ်ပြီး တိမ်းရှောင်ထွက်ပြေးနေရသည့် လောင်းကစားလုပ်နေကြသူများက ဦးဆောင်နေကြခြင်းပင်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ခဲ့မှုအရ **"တရုတ်များက မြန်မာများကို လိမ်ခြင်းမဟုတ်သကဲ့သို့ မြန်မာများက တရုတ်များကိုလိမ်ခြင်းလည်းမဟုတ်ပါ၊ ရာဇဝတ်မှုကျူးလွန်ထားပြီး အပြစ်ရှိသည့်ပြည်ပြေးလူတစ်စုမှ မိမိတို့နှစ်နိုင်ငံလုံးကို လိမ်နေခြင်းပင်ဖြစ်သဖြင့် အပြစ်ရှိသူများကို ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ပြီး အကာအကွယ်ပေးသူများကိုလည်း အရေးယူရမည်ဖြစ်"**ပါသည်။

သို့ဖြစ်ပါ၍ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကျူးလွန်နေကြသူများသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် **တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များရှိသည့် ဒေသများကိုပစ်မှတ်ထား၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများနှင့်ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိ**ကြသဖြင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသားဆောင်ရွက်လျက်ရှိသည်။ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း ၎င်း Online လိမ်လည်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာသို့ပေးပို့ခြင်းဖြင့် Online လောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းတိုက်ဖျက်သွားကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# နတ်တလင်းမြို့နယ်၊ ဆီဆုံကုန်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူ ၁၀ ဦးကျော်ကို သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ





နေပြည်တော် ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ဆီဆုံကုန်းကျေးရွာကို ဇန်နဝါရီလ ၁၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူ ၁၀ ဦးကျော်ကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နတ်တလင်းမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နတ်တလင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၆ ရက်က ဆီဆုံကုန်းကျေးရွာနှင့်အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းမရှိဘဲ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မြေပြင်ဖြစ်စဉ်များနှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄°C | / | ၃၂°C |
| ရန်ကုန် | ၁၆°C | / | ၃၂°C |
| မန္တလေး | ၁၅°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့စင်မြင့်ပေါ်တွင် လွှမ်းမိုးမှုရှိသည့် စီးပွားရေးအင်အားစုကြီးတစ်ခုအဖြစ် အသွင်ပြောင်းလဲလာသည့် BRICS အဖွဲ့

**နိုင်ထူး**



ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် BRICS အဖွဲ့အပေါ် ကမ္ဘာ့နိုင်ငံများ၏အာရုံစိုက်မှုသည် ထူးခြားစွာမြင့်တက်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံသစ်များ ပါဝင်ရောက်လာခဲ့ခြင်းကြောင့် BRICS အဖွဲ့၏ အဖွဲ့ဝင် နိုင်ငံများတွင် ယခုအခါ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့အပြင် အီဂျစ်၊ ယူအေအီး (အာရပ်စော်ဘွားများပြည်ထောင်စု)၊ အီသီယိုးပီးယား၊ အီရန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့လည်း ပါဝင်လာပြီဖြစ်သည်။ ထို့ကြောင့် ယခု ၂၀၂၅ ခုနှစ်တွင်လည်း BRICS အဖွဲ့ကြီး၏ လွှမ်းမိုးမှုသည် ဆက်လက်ကြီးထွားလာမည့်အလားအလာရှိသည်ဟု အချို့ကရှုမြင်လျက်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် BRICS အဖွဲ့၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် ယခုနှစ် ဇန်နဝါရီလ ၆ ရက်တွင်တရားဝင်ဝင်ရောက်လာခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် BRICS အဖွဲ့သို့ဝင်ရောက်ရန် ဆန္ဒရှိကြောင်း ယခင်ကတည်းက ဖော်ပြခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၅ ခုနှစ်အတွက် BRICS အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဘရာဇီးနိုင်ငံကတာဝန်ယူစဉ် အင်ဒိုနီးရှားနိုင်ငံ၏ ပူးပေါင်းပါဝင်မည့် ကြိုးပမ်းချက်ကို အများ၏ဆန္ဒနှင့်အညီ ဇန်နဝါရီလ ၆ ရက်တွင် သဘောတူခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ BRICS အဖွဲ့သို့ဝင်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံအား ၂၀၂၃ ခုနှစ်ကတည်းက ခွင့်ပြုခဲ့ခြင်းဖြစ်သော်လည်း ယင်းနိုင်ငံအတွင်း၌ ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ ကျင်းပပြီးချိန်မှ ဝင်ရောက်ရန် BRICS အဖွဲ့က တိုက်တွန်းခဲ့ခြင်းကြောင့်ဖြစ်သည်။

## BRICS အဖွဲ့သို့ အင်ဒိုနီးရှားပူးပေါင်း ပါဝင်လာခြင်းက BRICS အဖွဲ့အတွက် မည်သည့်အကျိုးကျေးဇူးများဖြစ်ပေါ်စေနိုင်သနည်း

အင်ဒိုနီးရှားနိုင်ငံသည် Nominal GDP အရ ကမ္ဘာပေါ်တွင်၁၆ ခုမြောက် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်ပြီး ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့တို့ကို အဓိကတင်ပို့နေသည့်နိုင်ငံလည်းဖြစ်သည်။

ထို့ပြင် ရော်ဘာ၊ ကော်ဖီ၊ ကိုကိုး၊ စားအုန်းဆီ၊ သကြား၊ လက်ဖက်ရည်၊ ဆေးရွက်ကြီး၊ အုန်းသီးဆန်နှင့် ဟင်းခတ်အမွှေးအကြိုင်များကိုလည်း ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ယင်းနိုင်ငံ၏ GDP သည် ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ တစ်နှစ်လျှင် ၅ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်လာမည်ဟု ကမ္ဘာ့ဘဏ်ကခန့်မှန်းထားသည်။ ထို့ကြောင့် BRICS အဖွဲ့သို့ အင်ဒိုနီးရှားက အဖွဲ့ဝင်နိုင်ငံသစ်အဖြစ် ဝင်ရောက်လာခြင်းသည် အဖွဲ့ဝင်နိုင်ငံများကြား စွမ်းအင်ကဏ္ဍနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကောင်းမွန်တိုးတက်လာစေနိုင်သည်။

## BRICS အဖွဲ့၏ လုပ်ဖော်ကိုင်ဖက် နိုင်ငံသစ်များတွင် မည်သည့်နိုင်ငံများပါဝင်သနည်း

BRICS အဖွဲ့၏ လုပ်ဖော်ကိုင်ဖက်နိုင်ငံသစ်များတွင် ဘယ်လာရုစ်၊ ဘိုလီဗီးယား၊ ကာဇက်စတန်၊ ကျူးဘား၊ မလေးရှား၊ ထိုင်းနိုင်ငံ၊ ယူဂန်ဒါ၊ ဥဇဘက်ကစ္စတန်နှင့် နိုင်ဂျီးရီးယားတို့ပါဝင်သည်။

ဘယ်လာရုဇ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အရင်းနှီးဆုံးနှင့်အနီးစပ်ဆုံး လုံခြုံရေးဆိုင်ရာ မဟာမိတ်နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ဥရောပ၏အလယ်တည့်တည့်၌ အချက်အချာကျစွာ တည်ရှိနေသည်။

ဘိုလီဗီးယားနိုင်ငံကိုလေ့လာမည်ဆိုပါက ယင်းနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး လစ်သီယံသတ္တုအရန်သိုက်များကို ပိုင်ဆိုင်ထားပြီး တန်ချိန်အားဖြင့် ၂၃ သန်းခန့်ရှိသည်။ ယင်းသတ္တုအရန်သိုက်များကို အမေရိကန်ကမျက်စိကျလျက်ရှိသည်။

အလားတူပင် ကာဇက်စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် နဝမမြောက်အကြီးဆုံးနိုင်ငံဖြစ်ပြီး ကုန်သွယ်ရေးအတွက် အရေးပါလှသည့် အက်တာအူနှင့် ကာ့ခ် စသည့် ကက်စပီယံပင်လယ်ရှိ ဆိပ်ကမ်းများကို ပိုင်ဆိုင်ထားသည်။ ကာဇက်စတန်နှင့် ရုရှားနှစ်နိုင်ငံကြား အပြန်အလှန် ကုန်သွယ်မှုသည် ဒေါ်လာ ၃၀ ဘီလီယံပမာဏကို ကျော်လွန်လျက်ရှိသည်။

ဥဇဘက်ကစ္စတန်နိုင်ငံအနေဖြင့် လက်ရှိ ရုရှားနိုင်ငံ၏ဆိပ်ကမ်းများနှင့် အရှေ့အလယ်ပိုင်းဒေသရှိ အီရန်နိုင်ငံတို့ကို ဆက်သွယ်ပေးမည့် North-South သယ်ယူပို့ဆောင်ရေးစင်္ကြံကဲ့သို့သောစီမံကိန်းကြီးတွင် တက်ကြွစွာပါဝင်လျက်ရှိရာ လုပ်ဖော်ကိုင်ဖက်နိုင်ငံသစ်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် BRICS အဖွဲ့၏ကြီးထွားလာစေရန် အတွက် များစွာအထောက်အကူပြုလာနိုင်သည်။

ထို့ပြင် အာဖရိကဒေသရှိ ယူဂန်ဒါနိုင်ငံသည် BRICS အဖွဲ့ဝင်နိုင်ငံများအတွက် အရှေ့အာဖရိကတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဒေသတွင်းအချက်အချာတစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။အလားတူပင် အာဖရိကဒေသ၏ အကြီးမားဆုံးစီးပွားရေးနိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံကလည်း BRICS အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်ဆန္ဒရှိနေသည်။


နိုင်ဂျီးရီးယားနိုင်ငံ၏ GDP သည် လာမည့် ၂၀၂၅ -၂၀၂၆ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာနိုင်သည်ဟု ကမ္ဘာ့ဘဏ်ကခန့်မှန်းထားရာ နိုင်ဂျီးရီးယားနိုင်ငံက BRICS အဖွဲ့၏ လုပ်ဖော်ကိုင်ဖက်နိုင်ငံအဖြစ် ပါဝင်နေခြင်းသည် အပြန်အလှန်အကျိုးပြုသည့် Win-win အခြေအနေကို ဖြစ်ပေါ်စေနိုင်သည်။

BRICS အဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲကို ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဦးစီးမှုနှင့် ရုရှားနိုင်ငံ ကာဇန်မြို့တွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပနိုင်ခဲ့သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲသည် အဖွဲ့ကြီး၏ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် အထောက်အကူပြုခဲ့သည့်အပြင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်ရှိနိုင်ငံတကာအခြေအနေများတွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်လာနိုင်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများကြားစည်းလုံးညီညွတ်မှုကိုပါ ပိုမိုအားကောင်းလာစေခဲ့သည်။

အဖွဲ့ဝင်နိုင်ငံသစ်များ၊ လုပ်ဖော်ကိုင်ဖက်နိုင်ငံများနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် BRICS အဖွဲ့သည် ယခုအခါ ကမ္ဘာ့စင်မြင့်ပေါ်တွင် လွှမ်းမိုးမှုရှိသည့် စီးပွားရေးအင်အားစုကြီးတစ်ခုအဖြစ် အသွင်ပြောင်းလဲလာနိုင်ခဲ့ပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် မိမိတို့၏ ပထဝီစီးပွားရေးအခြေအနေများကို မိမိတို့ဘာသာထိန်းကျောင်းလိုပြီး အနောက်နိုင်ငံကြီးများ၏ ထိန်းချုပ်မှုကိုမခံလိုသည့် ထွန်းသစ်စနိုင်ငံအများအပြားက အဖွဲ့အတွင်းသို့ ပူးပေါင်းပါဝင်ရန် စိတ်အားထက်သန်လျက်ရှိသောကြောင့် BRICS အဖွဲ့ကြီး၏ ၂၀၂၅ ခုနှစ် အလားအလာသည် ပိုမိုထူးခြားကောင်းမွန်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အမေရိကန်၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ဒေါ်နယ်ထရမ့် ကျမ်းသစ္စာကျိန်ဆို



ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်သည် ဇန်နဝါရီလ ၂၀ ရက်တွင် အမေရိကန်ပြည်ထောင်စု၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ထရမ့်အနေဖြင့် ၎င်း၏ကျမ်းသစ္စာကျိန်ဆိုပွဲကို မူလက Capitol အဆောက်အအုံ၏ ရှေ့မှောက်တွင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း ရာသီဥတုအေးမြမှုကြောင့် ဝါရှင်တန်မြို့လယ်ကောင်ရှိ Capital One arena ၏ အတွင်းပိုင်း၌သာ လုံခြုံရေးအထူးတင်းကျပ်၍ ကျင်းပခဲ့ရသည်။

အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲသို့ အမေရိကန်ကွန်ဂရက်လွှတ်တော်အမတ်များ၊ တရားရုံးချုပ်မှတရားသူကြီးများ၊ အနာဂတ် အမေရိကန်အစိုးရအဖွဲ့တွင် ပါဝင်မည့် အရာရှိကြီးများ၊ အမေရိကန်နည်းပညာနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ဒုတိယသမ္မတအပါအဝင် နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

ထရမ့်သည် သမ္မတအဖြစ် ပထမအကြိမ် သက်တမ်းကို ၂၀၁၇ ခုနှစ်တွင် စတင်ထမ်းဆောင်ခဲ့ပြီး ယခုတစ်ကြိမ်တွင် ဒုတိယအကြိမ်အဖြစ် ဆက်လက်ထမ်းဆောင်ခြင်းဖြစ်သည်။

**Ref: Xinhua,CBS**

# အမေရိကန်ပြည်ထောင်စုတွင် TikTok ဝန်ဆောင်မှုများ ပြန်လည်စတင်

လော့စ်အိန်ဂျလိစ်၊ နည်းပညာ

အမေရိကန်ပြည်ထောင်စုတွင် တရုတ်ဆိုရှယ်မီဒီယာ ပလက်ဖောင်းတစ်ခုဖြစ်သည့် TikTok ဝန်ဆောင်မှုများ ပြန်လည်စတင်ခဲ့ကြောင်းသိရသည်။

TikTok ဝန်ဆောင်မှုများသည် အမေရိကန်ပြည်ထောင်စုတွင် ဝန်ဆောင်မှုများ ရပ်ဆိုင်းခဲ့ပြီးနောက် ဇန်နဝါရီလ ၁၉ ရက်တွင် ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

TikTok အပလီကေးရှင်းသည် အမေရိကန်တွင်ဇန်နဝါရီလ ၁၈ ရက်ဒေသစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်ခန့်တွင် အမေရိကန်အသုံးပြုသူများအတွက် ဝန်ဆောင်မှုများကိုရပ်ဆိုင်းခဲ့သည်။ TikTok ၏ မိခင်ကုမ္ပဏီဖြစ်သည့် ByteDance လက်အောက်ရှိ အပလီကေးရှင်းအများအပြား၏ အမေရိကန်ရှိ ဝန်ဆောင်မှုမှာလည်း တစ်ချိန်တည်းနီးပါးရပ်ဆိုင်းခဲ့သည်။

TikTok အပလီကေးရှင်းအားအမေရိကန်ပြည်ထောင်စုတွင် ဆက်လက်ဝန်ဆောင်မှုပေးနိုင်ရေးအတွက် လက်ရှိအမေရိကန်သမ္မတသစ် ဒေါ်နယ်ထရမ့်အစိုးရနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း TikTok ကုမ္ပဏီက ထုတ်ပြန်သည့်ကြေညာချက်တွင်ဖော်ပြသည်။ တစ်ချိန်တည်းမှာပင် အမေရိကန်အစိုးရအနေဖြင့် TikTok အပလီကေးရှင်းအား အမေရိကန်ပြည်ထောင်စုတွင် ဆက်လက်ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အမိန့်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

**Ref: Xinhua**

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့


## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုအစီအစဉ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ မွန်တိုင်းရင်းသား/တိုင်းရင်းသူ တေးသံရှင်များ စုပေါင်းသီဆိုမည့် **“သံစဉ်ချိုမြ ရာမညအလှ”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

(၂၄–၁–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ
“သံစဉ်ချိုမြ ရာမညအလှ” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သုဝဏ္ဏဘူမိ သထုံပြည် | တိုင်းရင်းသားအဆိုရှင် |
| ၂။ | မွန်တို့ဂုဏ်ရည် | တိုင်းရင်းသူအဆိုရှင် |
| ၃။ | ရာမညသားသို့ မေတ္တာမှာတမ်း | တိုင်းရင်းသားအဆိုရှင် |
| ၄။ | လာလည်ပါလေ ရာမညမြေ | တိုင်းရင်းသူအဆိုရှင် |
| ၅။ | သာယာလှပေရေးမြို့မွန်ဌာနေ | တိုင်းရင်းသားအဆိုရှင် |
| ၆။ | ရာမည ဖိတ်စာ | တိုင်းရင်းသားအဆိုရှင် |
| ၇။ | စောင့်မျှော်လျက်ပါ ချစ်သူငယ်ချင်း | တိုင်းရင်းသူအဆိုရှင် |
| ၈။ | ရိုးဂိုးဘုရားပွဲအမီ | တိုင်းရင်းသားအဆိုရှင် |
| ၉။ | ပန်းတိုင်အရောက်ဆီတို့တူညီ | တိုင်းရင်းသူအဆိုရှင် |
| ၁၀။ | တို့ရဲ့မွေးမြေ မွန်ဌာနေ | တိုင်းရင်းသားအဆိုရှင် |
| ၁၁။ | ပြည်ထောင်စုခရီးနီးစေသား | Group Song |

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၀

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

❍ **ယာယီနေရပ်စွန့်ခွာမှုအဆက်**

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)တွင် “သဘာဝ ဘေးအန္တရာယ်” ဆိုသည့်စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုထားမှုအရ “အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်း” တို့သည် သဘာဝဘေးအန္တရာယ်တွင်ပါဝင်သောကြောင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများကို ဆောင်ရွက်ပေးရန်စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် **ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများ(တိုက်ပွဲရှောင်ပြည်သူများ)** ဆိုရာတွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက မြို့၊ ရွာများတွင် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ကာ တရားမဲ့နယ်မြေကျူးကျော်လာမှုများကြောင့် ယာယီနေရပ်စွန့်ခွာရသူများအပြင် **အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများ၏ အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် လုံခြုံရေးအန္တရာယ်စိုးရိမ်ရသဖြင့် ခေတ္တနေရပ်စွန့်ခွာလာရသူများလည်းပါဝင်**ကြောင်း သိရသည်။

ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများကို လိုအပ်သည့်ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စာရင်းကောက်ယူလျက်ရှိရာ **ဘုန်းကြီးကျောင်းကဲ့သို့သော ယာယီခိုလှုံရာစခန်းများတွင် ရောက်ရှိခိုလှုံနေကြရသူများအပြင် ဆွေမျိုးသားချင်းများရှိရာ ရပ်ကွက်၊ ကျေးရွာများ၊ ဝန်ထမ်းအိမ်ရာများတွင်နေထိုင်ခြင်း၊ မိမိအစီအစဉ်ဖြင့် နေအိမ်ခန်းများ ငှားရမ်းနေထိုင်ခြင်း၊ အခြားနည်းဖြင့်နေထိုင်ခြင်းများရှိရာ ထိုသို့နေထိုင်သူများအားလုံးသည်လည်း စာရင်းကောက်ယူရာတွင် အကျုံးဝင်**ကြောင်းသိရသည်။ သို့ပါ၍ ယာယီနေရပ်စွန့်ခွာနေကြရသည့်ပြည်သူများအား အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများကို လျာထားဆောင်ရွက်နိုင်ရေး အကျုံးဝင်သူအားလုံးပါဝင်အောင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက စာရင်းကောက်ယူကြရန်နှင့် အကျုံးဝင်သူအားလုံးကလည်း စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရှိရသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှုကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၈ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၃၁၃၃၇၃၁၀၉-၂၅၆၆၂၅၃၇၇
၀၆၇-၃၁၁၂၈၂၊၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျွန်းလှမြို့နယ်၌ တမံရေဖြင့် နှမ်းစပါးဧက ၄၀ ကျော်စိုက်ပျိုးမည်

**ကျွန်းလှ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် ဘိုယားတမံရေဖြင့် နွေစပါး ဧက ၄၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဘိုယားတမံအောက်ဘက်ရှိ လယ်မြေဧက ၄၀ ကျော်ကို ရေသွယ်စနစ်နဲ့ နွေစပါးစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ နွေစပါးစိုက်မယ့်လယ်မြေတွေကို ထယ်ထိုးထွန်ယက်ပြင်ဆင်ပြီးဖြစ်တယ်။ စိုက်ပျိုးရာမှာ မျိုးစေ့ချကိရိယာ (Seeder)၊ ပျိုးသက်နုကောက်ကွက်ကြဲ (SRI) စိုက်နည်းစနစ်တွေနဲ့စိုက်ပျိုးပြီး စိုက်နည်းစနစ်မှန်ကန်ဖို့ နည်းပညာပေးသွားမှာဖြစ်ပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါနွေစပါးစိုက်ပျိုးသောတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်စပါးမျိုးများရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျရောပြီး အချိန်ကိုက်သုံးစွဲရေးနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ကွင်းဆင်းအသိပညာပေးမည်ဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးရန် ၁၆၆ ဧကလျာထားကြောင်း၊ ဒေသရာသီဥတုနှင့်ကိုက်ညီပြီး သက်တမ်းတို အရည်အသွေးကောင်းအထွက်နှုန်းကောင်း ရွှေမနော်စပါးမျိုးစိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကိုသဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့်ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ဆောင်းသီးနှံကုလားပဲနှင့် ပဲလွမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး



**ရေနံချောင်း ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲနှင့်ပဲလွမ်းစိုက်ပျိုးလျက်ရှိရာ ဇန်နဝါရီလ ၁၉ ရက်အထိ စုစုပေါင်းဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ဧက ၁၁၉၀ လျာထားစိုက်ပျိုးရာ ၁၂၃၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ပဲလွမ်း ၈၆၈ ဧက လျာထားစိုက်ပျိုးရာ ၁၂၄၄ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ ထိုသို့အခြားသီးနှံများကို သီးထပ်၊ သီးညှပ် စိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားရေရိက္ခာဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်သူ**

# ဘိုကလေးမြို့နယ်၌ Big catch up အမီလိုက်ကာကွယ်ဆေး စတင်ထိုးနှံ

**ဘိုကလေး ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဇန်နဝါရီလ ၂၀ ရက်တွင် အသက်တစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား Big catch up အမီလိုက်ကာကွယ်ဆေးများကို မြို့နယ်အတွင်း စတင်ထိုးနှံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံရာစုရပ်များသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြပြီး ကာကွယ်ဆေးကို ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ တစ်ပတ်တာတွင် မြို့နယ်တွင်းရှိ နေရာအနှံ့အပြား၌ ဆေးထိုးရန်လိုအပ်သည့် ကလေး ၃၉၀၀၀ ကျော်အား ထိုးနှံဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုထိုးနှံလျက်ရှိသည့်ကာကွယ်ဆေးသည် ပုံမှန်ကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးရသေးသူများနှင့် အကြိမ်ပြည့်မထိုးနှံရသေးသော အသက်တစ်နှစ်မှငါးနှစ်အတွင်းရှိ ကလေးငယ်များအား ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မကွေးတိုင်းဒေသကြီး အားကစားကွင်း၌ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း Synthetic ခင်းခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်းခန့်ပြီးစီး



မကွေး ဇန်နဝါရီ ၂၀

မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှကြီးမှူး၍ မကွေးမြို့ရှိ တိုင်းဒေသကြီးအားကစားကွင်း၌ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း Synthetic ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြေးခုန်ပစ်အားကစားသမားများ စနစ်တကျလေ့ကျင့်နိုင်စေရန်နှင့် တိုင်းဒေသကြီးဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားသမားများသာမက နိုင်ငံ့လက်ရွေးစင် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ တိုင်းဒေသကြီးအားကစားကွင်း၌ Synthetic ခင်းခြင်းလုပ်ငန်းကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

"မကွေးတိုင်းဒေသကြီး အားကစားကွင်းမှာ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း Synthetic ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၂၇၀၀ ဒသမ ၆၅၁ သန်းနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ပြေးခုန်ပစ်အားကစားနည်းက အောင်မြင်မှုအများဆုံးရရှိတာဖြစ်ပါတယ်။ အရင် Synthetic ပြေးလမ်းမရှိခင်တုန်းကတောင် အောင်မြင်မှုတွေရရှိခဲ့တဲ့အတွက် အခု Synthetic ခင်းတဲ့လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးတဲ့အခါ တိုင်းဒေသကြီးဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားသမားတွေ၊ နိုင်ငံ့လက်ရွေးစင်အားကစားသမားတွေ ပိုမိုမွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်"ဟု မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်ကပြောသည်။

ယခင်က မကွေးတိုင်းဒေသကြီး အတွင်း မီတာ ၄၀၀ ပြေးလမ်းပါ အဆင့်မြင့် အားကစားကွင်း မရှိခဲ့သည့်အတွက် အားကစားသမားများအနေဖြင့် သဲကွင်းများပေါ်၌ လေ့ကျင့်ခဲ့ရခြင်းဖြစ်သည်။

ယခု မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း Synthetic ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ပြေးခုန်ပစ်အားကစားသမားများအနေဖြင့် ယခင်ကထက် ပိုမိုအဆင်ပြေစွာ လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# မြင်းခြံမြို့နယ်ရှိကျေးရွာနှစ်ရွာ၌မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေး

မြင်းခြံ ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြင်းခြံမြို့နယ် သဲဖြူ၀(မ) ကျေးရွာနှင့် ကိုင်း(မ) ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေးပေးခြင်းကို ဇန်နဝါရီလ ၂၀ ရက်တွင် တာဝန်ရှိသူများက သဲဖြူ၀ (မ) ကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်နွယ်က သဲဖြူ၀ (မ)ကျေးရွာနှင့် ကိုင်း(မ)ကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းအကြောင်းအရာများ၊ ရန်ပုံငွေများထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သဲဖြူ၀ (မ)ကျေးရွာနှင့် ကိုင်း(မ)ကျေးရွာတို့ရှိ အသင်းသား၊ အသင်းသူ ၁၂၉ ဦးအား စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်နိုင်ရန် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၈၉ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၀

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေသည်။ (မိုး/ဇလ)

# ချောင်းဆုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ ဇန်နဝါရီ ၂၀


မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေဖတ်ရှုခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စာဖတ်ခြင်းဖြင့် အသိပညာ ဗဟုသုတတိုးပွားလာစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီလ ၂၀ ရက်တွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း တကူပတီ(ခြံ)၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အခြေခံပညာမူလတန်းကျောင်း တကူပတီ(ခြံ)မှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက စာဖတ်ခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စာအုပ်စာပေမှရရှိမည့် အသိပညာဗဟုသုတများ အကြောင်းကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဆည်းပေးလျက်ရှိသော




တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဖေဖော်ဝါရီလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။




*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်နှင့်လည်း ကံစမ်းလို့ရနေပြီနော်...

# ကွင်းလယ်ကစားသမားအိုလ်မို ဒဏ်ရာကြောင့် လာမည့်ချန်ပီယံလိဂ်ပွဲစဉ်ကိုလွဲချော်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းအတည်ပြု

မက်ဒရစ် ဇန်နဝါရီ ၂၀

ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမားအိုလ်မို အသေးစား ခြေထောက်ကြွက်သားဒဏ်ရာကြောင့် လာမည့်ချန်ပီယံလိဂ်ပွဲစဉ်အဖြစ်ကစားမည့် ဘင်ဖီကာအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

အိုလ်မိုသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပဇစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်း၌ အဓိကကစားသမားအဖြစ်ခြေစွမ်းပြလျက်ရှိပြီး ပြီးခဲ့သည့် ဂီတာဖေးလ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်အပြီးတွင် အသေးစားခြေထောက်ကြွက်သားဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဂီတာဖေးလ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ကစားသည့်ပွဲစဉ်အပြီးတွင် အိုလ်မို၏ခြေထောက်ကြွက်သားဒဏ်ရာနှင့်ပတ်သက်၍ အသေးစိတ်ဆေးစစ်မှုများလုပ်ဆောင်ရာတွင် ဒဏ်ရာမှာ မပြင်းထန်သော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် ရက်အနည်းငယ်အနားယူရမည်ဖြစ်သည့်အတွက် လာမည့်ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။

ဘာစီလိုနာအသင်းက "အိုလ်မိုအနေနဲ့ လေ့ကျင့်ခန်း ပြန်လည်စတင်နိုင်ဖို့ ရက်အနည်းငယ်လောက်တော့စောင့်ကြည့်ရမှာပါ။ သူ့အနေနဲ့ ဒဏ်ရာမပြင်းထန်ဘူးဆိုပေမယ့် ဆက်လက်စောင့်ကြည့်ရမှာဖြစ်လို့ လာမယ့်ပွဲစဉ်ကိုတော့ လွဲချော်ရမှာပါ။ ဒါပေမဲ့ စပိန်လာလီဂါပွဲစဉ်မှာတော့ ပြန်လည်ပါဝင်နိုင်ဖို့ရှိပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

အိုလ်မိုသည် ယခုဘောလုံးရာသီအစပိုင်းက အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် ကစားသမားစာရင်းမှတ်ပုံတင်ရန် နောက်ကျသည့်အတွက် ပွဲစဉ်တချို့ကိုလွဲချော်ခဲ့ရသောကြောင့် ပြိုင်ပွဲစုံ ၁၇ ပွဲပါဝင်ကစားပြီး ခြောက်ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှုသုံးကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

***Ref;Fabrizio Romano***

# အန်တိုနီကို အငှားစာချုပ်ဖြင့်ခေါ်ယူရန်အတွက် မန်ယူအသင်းနှင့် ဘတ်တစ်အသင်း သဘောတူညီမှုရရှိ

မန်ချက်စတာ ဇန်နဝါရီ ၂၀

ဘတ်တစ်အသင်းက မန်ယူအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမားအန်တိုနီကို ယခုဘောလုံးရာသီအကုန် လာမည့်ဇွန်လအထိ ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူရန်အတွက် နှစ်သင်းကြားသဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် အန်တိုနီသည် ၂၀၂၂ ခုနှစ်က အေဂျက်ဇ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် မန်ယူအသင်းတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့်အတွက် မန်ယူအသင်းက ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ပင် ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အန်တိုနီသည် အေဂျက်ဇ်အသင်းတွင်ကစားစဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြနိုင်ခဲ့သော်လည်း မန်ယူအသင်းသို့ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရပြီး ပြိုင်ပွဲစုံ ၉၆ ပွဲကစားပြီးချိန်တွင် ၁၂ ဂိုးသာသွင်းယူနိုင်ပြီး ခြေစွမ်းပိုင်းဆိုးရွားနေသည့်အတွက် မန်ယူအသင်းက ရောင်းချရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ဘတ်တစ်အသင်းက အစောပိုင်းကတည်းက အန်တိုနီကို ခေါ်ယူရန်အတွက် ကြိုးပမ်းနေခြင်းဖြစ်ပြီး ယခုအခါ အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အန်တိုနီသည် မန်ယူအသင်းတွင် တစ်ပတ်လုပ်ခလစာစတာလင်ပေါင် နှစ်သိန်းရရှိနေသည့်အတွက် အငှားစာချုပ်တွင် မန်ယူအသင်းက လစာတစ်ဝက်ကို ဆက်လက်ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

***Ref;Goal***



# ဒေါ့မွန်အသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်ဖွယ်ရှိနေပြီး နည်းပြသစ်အဖြစ် တန်ဟတ်ကိုခန့်အပ်ရန်နီးစပ်နေ



ဘာလင် ဇန်နဝါရီ ၂၀

ဒေါ့မွန်အသင်းက ရလဒ်များဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်ပြင်ဆင်နေပြီး လာမည့်ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ဖွယ်ရှိနေကာ နည်းပြသစ်အဖြစ် နည်းပြတန်ဟတ်ကို ခန့်အပ်ရန်နီးစပ်လျက်ရှိကြောင်း သိရသည်။

ဒေါ့မွန်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က နည်းပြတာဇစ် အသင်းမှနုတ်ထွက်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် အသင်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဆာဟင်ကို ခန့်အပ်ခဲ့ပြီး ယခုဘောလုံးရာသီ ဆာဟင်လက်အောက်တွင် အသင်းအနေဖြင့် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး ပြီးခဲ့သည့် ဖရန့်ဖတ်အသင်းကို ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် နည်းပြဆာဟင်၏အနာဂတ်မှာ ပိုမိုမရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းတာဝန်ရှိသူများက အစောပိုင်းကတည်းက ရလဒ်များဆိုးရွားနေသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် စောင့်ကြည့်နေခြင်းဖြစ်ပြီး နည်းပြသစ်ခန့်အပ်ရန်အတွက် မန်ယူအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြတန်ဟတ်နှင့်သတင်းများစတင်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြတာဇစ်လက်အောက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့သကဲ့သို့ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် ယခုဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၁၈ ပွဲကစားပြီးချိန်တွင် ရမှတ် ၂၅ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့် (၁၀) နေရာ၌ ရောက်ရှိနေသည့်အတွက် အသင်းတာဝန်ရှိသူများကလည်း နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းတာဝန်ရှိသူများက လာမည့် ဒေါ့မွန်အသင်းနှင့် ဘိုလော့ဂ်နာအသင်းတို့ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်ကို စောင့်ကြည့်မည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ရလဒ်ထပ်မံဆိုးရွားခဲ့ပါက နည်းပြဆာဟင်ကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

***Ref;Fabrizio Romano***

# အဲဗာတန်အသင်းကိုရှုံးနိမ့်ပြီးနောက် စပါးအသင်းနည်းပြပိုစတီနိုကိုဂလူ၏ အနာဂတ်ပိုမိုမရေမရာဖြစ်လာ

လန်ဒန် ဇန်နဝါရီ ၂၀

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ်ကစားသည့် အဲဗာတန်အသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် စပါးအသင်းအနေဖြင့် ၃ ဂိုး-၂ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် စပါးအသင်းနည်းပြ ပိုစတီနိုကိုဂလူ၏အနာဂတ်မှာ ပိုမိုမရေမရာဖြစ်လာခဲ့ကြောင်း သိရသည်။

နည်းပြပိုစတီနိုကိုဂလူသည် ပြီးခဲ့သည့်ဘောလုံးရာသီက စပါးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီတွင် စပါးအသင်းအနေဖြင့် နည်းပြပိုစတီနိုကိုဂလူလက်အောက်တွင် ရလဒ်များဆက်တိုက်ဆိုးရွားနေသည့်အတွက် အနာဂတ်မရေမရာဖြစ်နေခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီအစပိုင်းက ရလဒ်များ ဆက်တိုက်ကောင်းမွန်သော်လည်း နောက်ပိုင်းတွင် ရလဒ်များဆက်တိုက်ဆိုးရွားလာပြီး အဲဗာတန်အသင်းကို ရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခြောက်ပွဲဆက်နိုင်ပွဲပျောက်ဆုံးကာ ငါးပွဲရှုံးနှင့်တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့သည်။

စပါးအသင်းသည် အဲဗာတန်အသင်းကိုရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ် ၂၂ ပွဲကစားပြီးချိန်တွင် ရမှတ် ၂၄ မှတ်ဖြင့် အဆင့်(၁၅)နေရာအထိ ကျဆင်းခဲ့သည့်အတွက် အသင်းနည်းပြ ပိုစတီနိုကိုဂလူအနေဖြင့် အနာဂတ်မရေမရာဖြစ်လာကြောင်း သိရသည်။

***Ref;Fotmob***

# ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၈၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆ သိန်းကျော် ဖမ်းဆီးရမိ







ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၈၆၀၀ ကျော်တန်ဖိုးရှိအိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆ သိန်းကျော် ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၁၄ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၆) လမ်းထိပ်တွင် ဦးမောင်မြင့်စိုး(ခ)ခိုင်ကျော်မင်း(ခ)ကိုမင်း၊ ဝင်းဗိုလ်(ခ)ဦးရခိုင်နှင့် ဦးမောင်မိုးညွန့် (ခ)မိုးချေ တို့ ၃ ဦးအား သတင်းအရရှာဖွေရာ ၎င်းတို့သယ်ဆောင်လာသည့် ခရီးဆောင်အိတ် ၂ လုံး အတွင်းမှ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇန်နဝါရီလ ၁၆ ရက် နံနက် ၁ နာရီတွင် လှည်းကူးမြို့နယ်၊ ငွေးတောက်အိုင်ကျေးရွာအုပ်စု၊ ဒေါင်းမြီးကွက်ကျေးရွာတွင် ကိုကိုနိုင်(ခ)စိန်ရွှေအောင်(ခ)ကျော်လင်း(ခ)ဂိုးကြီး နှင့် ဦးကြည်စိုးတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆၆ သိန်းနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ဇန်နဝါရီလ ၁၇ ရက် မွန်းလွဲ ၁၂ နာရီတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် ကျော်ဝင်းနိုင်(ခ)ဖိုးထူးအား ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေးတွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ်သိန်း ၈၆၆၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀ နှင့်စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၆၆ သိန်း ဖမ်းဆီးရမိခဲ့သည်။


ထို့အတူ ဇန်နဝါရီလ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု၊ လွယ်စီတုံ (အောက်)ကျေးရွာ၊ ပုံလို့လမ်းမပေါ်တွင် ယဲဆောင်(ခ)လီဂျူး မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် လွယ်စီတုံ(အောက်)ကျေးရွာ၊ ရွာလယ်လမ်းတွင် လော်လို့(ခ)အားလို့ နှင့် အားချိ တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့်၎င်းတို့အားမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ တိရစ္ဆာန်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇန်နဝါရီ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၇ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာအေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၇)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၁၀၅၁၀၆၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇန်နဝါရီလ ၁၈ ရက်**တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်တွေခရိုင် စစ်တွေမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်တွေမြို့နယ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နွား(၁၈)ကောင် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၈၀၀၀၀၀)ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၁၉ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်နှင့် ဟင်္သာတခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(၄ ဒသမ ၀၁၇)တန်၊ အခြားသစ်(၁၉ ဒသမ ၁၂၈)တန်နှင့် သစ်စက်ဆက်စပ်ပစ္စည်း(၁)စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၅၄၇၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြမြို့နယ်နှင့် ကျုံမငေးမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ(၂၈)ပီပါ၊ ဒီဇယ်ဆီ (၁၂)ပီပါနှင့် ဆက်စပ်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၂၇၂၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၈၂၆၇၂)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၅ ဒသမ ၇၃၄)တန်၊ အခြားသစ် (၅ ဒသမ ၃၉၀) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၂၉၇၁)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ဗိုလ်ချုပ်လမ်း အေးမြကန်သာရပ်ကွက် အမှတ်(၁-A)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ်(၁၁ ဒသမ ၆၄၉)တန်နှင့်ချိန်းဆော (၁)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၁၄၈၄၂၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြိတ်မြို့ ရေပုန်းရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၆၄၈၄၂၈)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုင်းဆတ်မြို့နယ်မိုင်းဆတ်-တာချီလိတ်ကားလမ်းဘေး တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၄၄၈၅၁၃၉)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Buy
BILL
PAY
Myanmar MOBILE MONEY


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking Services and i Banking Services
Foreign Banking Services
မှန်သည်
မြန်သည်
မြဝတီ
MPU
Phone: (01) 2301367, 2301368, 2301452, 2301378


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မှုဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
AUNG THITSA OO INSURANCE
Hotline - 09-450450561, 09-450450562, 09-450450563

❖ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာပေါ်တွင်အခြေခံ . . .

❖ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏အနာဂတ်များဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသော တရားမဝင် အွန်လိုင်းလောင်းကစားမှုများအား နှိမ်နင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး Online လောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများအလိုက် ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

ယခုလတ်တလောတွင် ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်းသိရှိရသည်။

အဆိုပါရွှေကုက္ကိုလ်နယ်မြေသည် ၂၀၁၆ ခုနှစ်ကတည်းကပင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များဆောင်ရွက်နိုင်ရန်အကြောင်းပြ၍ စီမံကိန်းတစ်ရပ်အဖြစ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် မီဒီယာများမှဖော်ပြချက်များ၊ တရားမဝင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသည်ဆိုသည့်သတင်းများကြောင့် စီမံကိန်းဆက်လက်တည်ဆောက်ခြင်းအား ရပ်ဆိုင်းခဲ့သည့်ဒေသဖြစ်သည်။ အဆိုပါနယ်မြေအတွင်း၌ စာမျက်နှာ ၂၂ ကော်လံ ၁ ❑

# ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးမည်

နေပြည်တော် ဇန်နဝါရီ ၂၀

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင်ပါဝင်သည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် **ယာယီနေရပ်စွန့်ခွာနေကြရသည့်ပြည်သူများအတွက်လည်း** အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စာရင်းကောက်ယူ၍ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၇-၁-၂၀၂၅ ရက်တွင်ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် ထည့်သွင်းမှာကြားခဲ့သည်။ စာမျက်နှာ ၂၅ ကော်လံ ၃ ❍

## ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

စာ - ၅ သို့

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

စာ - ၁၂ သို့

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..